# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

# ၂၀၂၄ ခုနှစ်

# တရားရုံးနှစ်စဉ်အစီရင်ခံစာ



# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

# သင်သိပါသလား?



ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားရုံး
စုစုပေါင်း ၇၀ ရုံး ရှိ

NCMP

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ
ကိုကိုးကျွန်းမြို့နယ်တရားရုံးမှအပ
ကျန်မြို့နယ်တရားရုံးနှင့် ခရိုင်တရားရုံးများ
အားလုံးသည် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အရ
တရားရုံးများဖြစ်ကြ

ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင်
နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အရ
တရားရုံး ၅၈ ရုံး ရှိ



ရန်ကုန်တိုင်းဒေသကြီးအတွင်း
တရားသူကြီးနှင့် တရားရေးအရာရှိ
၃၂၁ ဦး ၊ တရားရုံးဝန်ထမ်း ၇၁၆ ဦး
တာဝန်ထမ်းဆောင်လျက်ရှိ



ရာဇဝတ်ဆိုင်ရာအမှု ၁၀၀၀၂ မှု
လက်ခံရရှိပြီး ၉၉၉၀၇ မှု စစ်ဆေးပြီးပြတ်ခဲ့

တရားမဆိုင်ရာအမှု ၁၀၅၅၃ မှု လက်ခံ
ရရှိပြီး ၁၂၃၃၈ မှု စစ်ဆေးပြီးပြတ်ခဲ့

ပြီးပြတ်မှုနှုန်းမှာ ရာဇဝတ် ၁၀၀%
တရားမ ၁၁၇ %

တရားရုံးက ဦးဆောင်သည့် စေ့စပ်
ဖြေရှင်းရေးဆောင်ရွက်ရန် ၁၁၆၂ မှု
လက်ခံရရှိခဲ့ပြီး ၇၆၇ မှုကို စေ့စပ်
ဖြေရှင်းရေးဆောင်ရွက်နိုင်ခဲ့

စေ့စပ်ဖြေရှင်းရေးအောင်မြင်မှု ၂၅၉ မှု
အောင်မြင်မှုရာခိုင်နှုန်း ၃၃.၈ %



ရုံးခွန် ၁၄၇၆၀၉၇၉၉၁.၁၁ ကျပ် နှင့်
ဒဏ်ငွေ ၈၁၄၉၁၀၂၅၀ ကျပ် ကောက်ခံရရှိခဲ့



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ
တရားသူကြီး/တရားရေးအရာရှိများသည်
ပြည်တွင်း/ပြည်ပသင်တန်းနှင့် ဆွေးနွေးပွဲ
၁၃ ခု တက်ရောက်ခဲ့

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ
အမှုထမ်းများအတွက်
အရည်အသွေးမြှင့်သင်တန်း ၂ ကြိမ်
ဖွင့်လှစ်ခဲ့



အကျဉ်းထောင်၊ ရဲဘက်စခန်းနှင့်
အချုပ်ခန်း ၆ ခု သို့ သွားရောက်စစ်ဆေးခဲ့

# မာတိကာ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၏ ဥယျောဇဉ် ၁
ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ တရားရုံး၏တန်ဖိုးများ ၅
တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက် ၅

## အပိုင်း(၁)

## တရားရုံးစနစ်နှင့် စီမံခန့်ခွဲမှုစနစ်

၁.၁ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အချုပ်အခြာအာဏာ(၃)ရပ် ၆
၁.၂ တရားစီရင်ရေးဆိုင်ရာမူများ ၆
၁.၃ တရားရုံးများဖွဲ့စည်းပုံ ၇
၁.၄ တရားလွှတ်တော်များ ပေါ်ပေါက်လာပုံ ၈
၁.၅ အရေးပေါ်ကာလနှင့် တရားစီရင်ရေးအာဏာ ၈
၁.၆ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ဖွဲ့စည်းတည်ထောင်ခြင်း ၉
၁.၇ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် အဆောက်အဦ ၁၀
၁.၈ တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ပိုင်ခွင့်အာဏာများ ၁၉
၁.၉ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ကြီးကြပ်မှုအောက်ရှိ တရားရုံးများ ၂၁
၁.၉.၁ ခရိုင်တရားရုံးများ ၂၁
၁.၉.၂ ခရိုင်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာများ ၂၅
၁.၉.၃ မြို့နယ်တရားရုံးများ ၂၇
၁.၉.၄ မြို့နယ်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာများ ၂၈
၁.၉.၅ ဥပဒေအရတည်ထောင်သောတရားရုံးများ ၃၀
၁.၉.၅.၁ ကလေးသူငယ်တရားရုံး(ရန်ကုန်) ၃၀
၁.၉.၅.၂ စည်ပင်သာယာတရားရုံးများ ၃၀
၁.၉.၅.၃ မော်တော်ယာဉ်တရားရုံးများ ၃၁
၁.၉.၅.၄ မူပိုင်ခွင့်တရားရုံးများ ၃၁

၁.၁၀ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စီမံခန့်ခွဲရေးရုံးများ ဖွဲ့စည်းပုံ ၃၂
၁.၁၁ ဘဏ္ဍာငွေခွဲဝေရရှိမှု ၃၂
၁.၁၂ တာဝန်ထမ်းဆောင်သော တရားရေးအရာရှိများ ၃၃
၁.၁၂.၁ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၃၄
၁.၁၂.၂ ခရိုင်တရားရုံးများ ၃၇
၁.၁၂.၃ မြို့နယ်တရားရုံးများ ၄၃
၁.၁၂.၄ ဥပဒေအရတည်ထောင်သော တရားရုံးများ ၅၃


## အပိုင်း(၂)

## တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများ


၂.၁ မှုခင်းစစ်ဆေးစီရင်နိုင်မှုအခြေအနေ ၅၅
၂.၁.၁ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်မှုနှုန်း ၅၆
၂.၁.၂ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ၅၇
၂.၁.၃ ခရိုင်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ၅၈
၂.၁.၄ မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ၅၉
၂.၁.၅ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အမှုပြီးပြတ်မှုအမြင့်ဆုံး တရားရုံးများ ၆၀
၂.၁.၆ ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ၏ ပြက္ခဒိန်နှစ် အလိုက်အမှုပြီးပြတ်မှုနှုန်း ၆၃
၂.၂ ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်း ၆၅
၂.၂.၁ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ဆုံးဖြတ်ပြီးအမှုများ သက်တမ်း ၆၅
၂.၂.၂ ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း ၆၇
၂.၂.၃ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း ၆၉

၂.၃ စစ်ဆေးဆဲအမှုများသက်တမ်း ၇၁

၂.၃.၁ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စစ်ဆေးဆဲအမှုများ သက်တမ်း ၇၁

၂.၃.၂ ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲအမှုများသက်တမ်း ၇၃

၂.၃.၃ မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲအမှုများသက်တမ်း ၇၅

၂.၄ အယူခံတက်ရောက်မှုနှုန်း ၇၇

၂.၄.၁ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ အယူခံတက်ရောက်မှုနှုန်း ၇၇

၂.၄.၂ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်း ၇၈

၂.၅ မှုခင်းပမာဏနှင့် တရားသူကြီးများ၏ ဆောင်ရွက်နိုင်မှု ၈၀

၂.၆ စစ်အုပ်ချုပ်ရေး(Martial Law) နယ်မြေများတွင် စစ်ခုံရုံးများဖြင့် တရားစီရင်ခြင်း ၈၂

၂.၇ သီးသန့်တရားရုံးများဖြင့် စစ်ဆေးစီရင်ခြင်း ၈၂

၂.၈ ရုံးခွန်နှင့် ဒဏ်ငွေ ကောက်ခံရရှိမှု ၈၃

၂.၈.၁ ရုံးခွန် ၈၃

၂.၈.၂ ဒဏ်ငွေ ၈၄

## အပိုင်း(၃)

### တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) အရ အကောင်အထည်ဖော်ဆောင်ရွက်ချက်များ

၃.၁ ဥပဒေဆိုင်ရာအထောက်အကူပေးရေးစနစ်ကို ကူညီဆောင်ရွက်ခြင်း (ရည်မှန်းချက် ၁.၁) ၈၅

၃.၂ တရားရုံးအသုံးပြုသူများ လက်လှမ်းမီနိုင်မှု တိုးတက်စေခြင်း (ရည်မှန်းချက် ၁.၂.၁၊ ၁.၂.၂) ၈၇

၃.၃ တရားရုံးအဆောက်အဦအသစ်များဆောက်လုပ်ခြင်းနှင့် အဆောက်အဦများအားပြုပြင်မွမ်းမံခြင်း ( ရည်မှန်းချက် ၁.၄ ) ၈၉

၃.၄ တရားရုံးအထောက်အပံ့ပစ္စည်းများပံ့ပိုးခြင်း ( ရည်မှန်းချက် ၁.၄ ) ၉၄

၃.၅ သတင်းမီဒီယာနှင့် အများပြည်သူဆက်ဆံရေး( ရည်မှန်းချက် ၂.၁ ) ၉၅

၃.၆ တရားရုံးနှစ်စဉ်အစီရင်ခံစာ(Annual Report) ထုတ်ပြန်ခြင်း (ရည်မှန်းချက် ၂.၁) ၉၇
၃.၇ တရားရုံးသတင်းအချက်အလက်များကို အလွယ်တကူသိရှိစေခြင်း (ရည်မှန်းချက် ၂.၂) ၉၈
၃.၈ တရားရုံး ဘတ်ဂျက်ကို ပွင့်လင်းမြင်သာစွာ စီမံခန့်ခွဲခြင်း (ရည်မှန်းချက် ၃.၂) ၉၈
၃.၉ တရားစီရင်ရေးအတွက် ထိရောက်အကျိုးရှိသည့် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်များ မြှင့်တင်ပေးရန် (ရည်မှန်းချက် ၃.၃) ၉၉
၃.၁၀ ဝန်ထမ်းခန့်ထားခြင်း ( ရည်မှန်းချက် ၃.၃) ၉၉
၃.၁၁ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအား လေ့ကျင့်သင်ကြားမှု (ရည်မှန်းချက် ၄.၁၊ ၄.၂) ၁၀၀
၃.၁၂ တရားရုံးဝန်ထမ်းများ ဘေးကင်းလုံခြုံရေးဆောင်ရွက်ပေးခြင်း (ရည်မှန်းချက် ၄.၃) ၁၀၁
၃.၁၃ တရားရုံးဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း ( ရည်မှန်းချက် ၄.၃ ) ၁၀၂
၃.၁၄ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (NCMP) အကောင်အထည်ဖော်ခြင်း ( ရည်မှန်းချက် ၅.၁ ) ၁၀၃
၃.၁၅ မှုခင်းစီမံခန့်ခွဲမှုတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်မှုနှုန်း ၁၀၄
၃.၁၅.၁ မှုခင်းစီမံခန့်ခွဲမှုခရိုင်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ၁၀၄
၃.၁၅.၂ မှုခင်းစီမံခန့်ခွဲမှု မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ၁၀၈
၃.၁၆ မှုခင်းစီမံခန့်ခွဲမှုတရားရုံးများ၏ စစ်ဆေးဆဲအမှုများသက်တမ်း ၁၁၅
၃.၁၆.၁ ၂၀၂၄ ခုနှစ် NCMP ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲအမှုများ သက်တမ်း ၁၁၅
၃.၁၆.၂ ၂၀၂၄ ခုနှစ် NCMP မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲအမှု များသက်တမ်း ၁၁၇
၃.၁၇ တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှု ၁၂၁
၃.၁၈ အမှုရွှေ့ဆိုင်းနှုန်း ၁၂၁
၃.၁၈.၁ ၂၀၂၄ ခုနှစ် NCMP ခရိုင်တရားရုံးများ၏ အမှုရွှေ့ဆိုင်းနှုန်း ၁၂၂
၃.၁၈.၂ ၂၀၂၄ ခုနှစ် NCMP မြို့နယ်တရားရုံးများ၏ အမှုရွှေ့ဆိုင်းနှုန်း ၁၂၃

၃.၁၉ ပျမ်းမျှရုံးချိန်းအရေအတွက် ၁၂၇
၃.၁၉.၁ ၂၀၂၄ ခုနှစ် NCMP ခရိုင်တရားရုံးများ၏ ပျမ်းမျှရုံးချိန်းအရေအတွက် ၁၂၈
၃.၁၉.၂ ၂၀၂၄ ခုနှစ် NCMP မြို့နယ်တရားရုံးများ၏ ပျမ်းမျှရုံးချိန်းအရေအတွက် ၁၃၀
၃.၂၀ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း( ရည်မှန်းချက် ၅.၃ ) ၁၃၄
၃.၂၀.၁ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခြင်း ၁၃၄
၃.၂၀.၂ စေ့စပ်ဖြေရှင်းရေးဆိုင်ရာသင်တန်းများ ၁၃၆

## အပိုင်း(၄)

## ၂၀၂၄ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ကြိုးပမ်းဆောင်ရွက်ချက်များ

၄.၁ မူပိုင်ခွင့်မှုခင်းများ စွဲဆိုခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများကျင်းပခြင်း ၁၃၈
၄.၂ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ပြတိုက်ဖွင့်လှစ်ခြင်း ၁၄၀
၄.၃ တရားရုံးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ကြည့်ရှုစစ်ဆေးခြင်း ၁၄၁
၄.၄ ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများ၏ ဥပဒေဆိုင်ရာအခွင့်အရေးများရရှိရေး ဆောင်ရွက်ခြင်း ၁၄၂

နောက်ဆက်တွဲ (က) ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိတရားရုံးတည်နေရာများ ၁၄၄
နောက်ဆက်တွဲ (ခ) ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်နှင့် တရားရုံးအဆင့်ဆင့်ရှိ ရာထူးအဆင့်အလိုက် ဝန်ထမ်းအင်အားစာရင်း ၁၅၁
နောက်ဆက်တွဲ (ဂ) ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်ချမှတ်မှုအခြေအနေ ၁၅၂
နောက်ဆက်တွဲ (ဃ) ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိတရားရေးအရာရှိများ၏ ပြည်ပခရီးစဉ်များ ၁၅၄

| | | |
|---|---|---|
| နောက်ဆက်တွဲ(ဃ-၁) | ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားရေးအရာရှိများ ၏ Online ဖြင့် နိုင်ငံတကာဆွေးနွေးပွဲများ/ သင်တန်းများတက်ရောက်ခြင်း | ၁၅၇ |
| နောက်ဆက်တွဲ(ဃ-၂) | ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားရေးအရာရှိများ ၏ Online ဖြင့် ပြည်တွင်းဆွေးနွေးပွဲများ/ သင်တန်းများတက်ရောက်ခြင်း | ၁၅၈ |

## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၏ ဥပဒေသျှာဒေသ



ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ၏ မဟာဗျူဟာရည်မှန်းချက် ၂.၁.၃ ဖြစ်သည့် အများပြည်သူဆိုင်ရာ သတင်းအချက်အလက် အစီအစဉ် တိုးချဲ့ဆောင်ရွက်ခြင်း အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာကို ရေးဆွဲထုတ်ပြန်လိုက်ပါသည်။

တရားရုံးနှစ်စဉ်အစီရင်ခံစာကို ထုတ်ပြန်ခြင်းအားဖြင့် တရားစီရင်ရေးလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာပြီး လုပ်ဆောင်ချက်များအပေါ်၌ ယထာဘူတကျကျ အကဲဖြတ် ဆုံးဖြတ်နိုင်ကာ တရားရုံးများ၏ စွမ်းဆောင်ရည်များ ပိုမိုမြင့်မားလာမည်ဖြစ်ပါသည်။ တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ပြည်သူအများ သိရှိနိုင်စေရန် တရားရုံးနှစ်စဉ်အစီရင်ခံစာများကို ၂၀၁၈ ခုနှစ်မှစ၍ ထုတ်ဝေခဲ့ပြီး ၂၀၂၄ ခုနှစ်မှစ၍ မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ထုတ်ဝေလိုက်ပါသည်။

တရားစီရင်ရေးမဟာဗျူဟာစီမံကိန်းတွင် တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး၊ အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရေး၊ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့် စီမံခန့်ခွဲနိုင်မှုစွမ်းရည် မြှင့်တင်ရေး၊ တရားစီရင်ရေး၏

ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရေး၊ ထိရောက်သည့် မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ပြီး အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များကို အရေးကြီးမှု အစီအစဉ် အလိုက် ဦးစားပေးအဆင့်များ သတ်မှတ်ကာ နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သည် ယခင်နှစ်များက မပြီးပြတ်သေးသည့် လုပ်ငန်းအစီအစဉ်များနှင့် လုပ်ငန်းအစီအစဉ်သစ်များကို ဆက်လက်အကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိပါသည်။

မဟာဗျူဟာရည်မှန်းချက် ၁.၄ အရ တရားရုံးဝန်ဆောင်မှုများ လက်လှမ်းမီနိုင်မှု တိုးတက်စေရေးအတွက် တရားရုံးအဆောက်အဦအသစ်များ ဆောက်လုပ်ရန်နှင့် အဆောက်အဦများအား မွမ်းမံရန် လုပ်ငန်းအစီအစဉ်နှင့်အညီ တရားရုံးများ၏ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြီးကြပ်လမ်းညွှန်စီစဉ်ပေးမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားရုံးများအား အသစ်ပြန်လည်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်နိုင်ရန် စီမံချက်ရေးဆွဲခြင်း၊ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခြင်း၊ နှစ်စဉ် ရသုံးမှန်းခြေငွေစာရင်း ခန့်မှန်းပြုစုခြင်းများကို အစဉ်တစိုက်အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ဆောက်လုပ်ရေးလုပ်ငန်း စီမံကိန်းသစ်ဖြစ်သည့် အင်းစိန်ခရိုင်တရားရုံး (၂၀၀ x ၁၄၀) ပေ အာရ်စီစီ (၅ထပ်) အဆောက်အဦသစ်အား အစီရင်ခံသည့်ဘဏ္ဍာရေးနှစ်အတွင်း ၁၀၀% ပြီးစီးခဲ့ပြီး ၂၀၂၄ ခုနှစ်အတွင်း လုပ်ငန်းကြီးတစ်ခုလုံး၏ ဆောင်ရွက်ပြီးစီးမှု ၄၁.၁၂% ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၂၃-၂၀၂၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း အမှတ် (၁၉၇) ၊ လွတ်လပ်ရေးလမ်း ၊ (ဃ)ရပ်ကွက် ၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ သင်္ဃန်းကျွန်းမြို့နယ်တရားရုံး ဝန်ထမ်းအိမ်ရာ (၈)ခန်းတွဲ (၆)ထပ်အဆောက်အဦအား ၁၀၀% တည်ဆောက်ပြီးစီးပြီးဖြစ်၍ အဆောက်အဦအသစ်ဖွင့်ပွဲအခမ်းအနားကို ၂၅-၅-၂၀၂၄ ရက်နေ့၌ ကျင်းပဖွင့်လှစ်ခဲ့ပါသည်။

## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

မဟာဗျူဟာရည်မှန်းချက် ၂.၁ အရ သတင်းမီဒီယာ ၊ အများပြည်သူတို့နှင့် ဆက်ဆံပြောဆိုမှုတိုးတက်စေရေးအတွက် တရားသူကြီးများကို မီဒီယာဆက်ဆံရေး ကျွမ်းကျင်သင်တန်းများကို ပို့ချပေးနိုင်ခဲ့ပါသည်။

မဟာဗျူဟာရည်မှန်းချက် ၅.၂ နှင့်အညီ မူပိုင်ခွင့်မှုခင်းများစွဲဆိုခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ၂-၃-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ မူပိုင်ခွင့်မှုခင်းများ ကြားနာစစ်ဆေးခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ၇-၁၂-၂၀၂၄ တွင်လည်းကောင်း ဥပဒေအသိပညာများကျယ်ပြန့်စွာသိရှိနိုင်ရန်အတွက် သက်ဆိုင်ရာ နယ်ပယ်ကဏ္ဍအသီးသီးအား ဖိတ်ကြားပြီး အသိပညာပေးဆွေးနွေးပွဲ (၂)ကြိမ် ပြုလုပ်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၊ စေ့စပ်ဖြေရှင်းရေးဌာနအနေဖြင့် တရားရုံးအဆင့်ဆင့်က လွှဲပြောင်းပေးလာသော တရားမမှုများအား စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ်အတွင်း တရားမမှုပေါင်း ၇၆၇ မှုကို စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခဲ့ပြီး ၂၅၉ မှုကို စေ့စပ်ဖြေရှင်းပေးနိုင်ခဲ့သဖြင့် အောင်မြင်မှုရာခိုင်နှုန်း ၃၃.၈% အထိ တိုးတက်လာခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တွင် တရားသူကြီးချုပ်အပါအဝင် တရားသူကြီး (၇)ဦး မှ တရားမ/ ရာဇဝတ်မှုများ၏ မူလမှုများနှင့် လက်အောက်ခံတရားရုံးများက ချမှတ်ခဲ့သည့် စီရင်ချက်၊ ဒီကရီ၊ အမိန့်များအပေါ် တက်ရောက်လာသည့် အယူခံ/ပြင်ဆင်မှုများကို လျင်မြန်စွာပြီးပြတ်အောင်ဆောင်ရွက်လျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားရုံးအသီးသီး၌ ၁-၁-၂၀၂၄ ရက်နေ့မှ ၃၁-၁၂-၂၀၂၄ ရက်နေ့အထိ မြန်မာ့စီးပွားရေးဘဏ်မှစွဲဆိုသော တရားမကြီးမှု (၄၂)မှုအနက် (၂၁)မှု ငွေပေါင်း ၆၂၂၅၆၉၅၂၇.၈၁ ၊ တရားမဇာရီမှု (၇၄)မှုအနက် (၁၉)မှု ငွေပေါင်း ၉၃၂၇၅၁၆၃၈.၃၁ ကိုလည်းကောင်း ၊ အခြားဘဏ်များမှစွဲဆိုသော တရားမကြီးမှု (၁၁၆၉)မှုအနက် (၄၃၃)မှု ငွေပေါင်း ၁၀၃၄၅၈၆၄၁၇၅၉.၉၉၊ တရားမဇာရီမှု (၅၆၆)မှုအနက် (၁၀၇)မှု ငွေပေါင်း ၃၁၇၀၈၈၀၉၈၆၈.၈၉ ကိုလည်းကောင်း အမှုများပြီးပြတ်ခဲ့ပြီး ဘဏ်များမှ ငွေများပြန်လည်ရရှိအောင် ကြိုးစားဆောင်ရွက်နိုင်ခဲ့ပါသည်။

မဟာဗျူဟာအစီအစဉ် ၃.၃.၅ အရ လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာခွဲဝေချထားနိုင်ရေးအတွက် ဝန်ထမ်းဆိုင်ရာလမ်းညွှန်ချက်များမြှင့်တင်ခြင်းအစီအစဉ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၌ တရားရုံးဖွဲ့စည်းပုံနှင့်အညီ တရားရုံးအမှုထမ်း (၆၈)ဦး ခန့်အပ်နိုင်ခဲ့ပါသည်။ တရားရုံးဝန်ထမ်းများကိုလည်း အရည်အသွေးမြှင့်သင်တန်းများပို့ချပြီး သင်တန်း၌ ဝန်ထမ်းကျင့်ဝတ်နှင့်အညီ နေထိုင်လုပ်ကိုင်ဆောင်ရွက်တတ်စေရန် ဝန်ထမ်းကျင့်ဝတ်စည်းကမ်းများ ထည့်သွင်းပို့ချပေးခဲ့ပါသည်။ ထို့ပြင် နည်းပညာပိုမိုတိုးတက်စေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှဖွင့်လှစ်သည့် ရုံးလုပ်ငန်းသုံးကွန်ပျူတာသင်တန်းများသို့ တရားရုံးဝန်ထမ်းများအား တက်ရောက်စေခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ လက်အောက်ခံ တရားရုံးအဆင့်ဆင့်သို့ တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှုနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ရာ တရားစီရင်ရေးကဏ္ဍအပေါ် ပြည်သူလူထုစိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေး ရရှိစေရန်၊ သက်ဆိုင်ရာလုပ်ငန်းအစီအစဉ်များ အောင်မြင်မှုများ ရရှိစေရန် ကဏ္ဍအသီးသီး၌ တာဝန်ယူဆောင်ရွက်လျက်ရှိကြသည့် တရားရေးအရာရှိများမှ ဝိုင်းဝန်းကူညီ ကြိုးစားဆောင်ရွက်ပေးကြရန် နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။

30/7/2025

**ရန်ကုန်မြို့။**
**၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်**

ဒေါ်စန္ဒာသွယ်
တရားသူကြီးချုပ်
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

## ရည်မှန်းချက်

- လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်
- တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေ စိုးမိုးရေးကို မြှင့်တင်ရန်

## လုပ်ငန်းတာဝန်များ

- တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး
- ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြုတရားစီရင်ရေးစနစ် ပေါ်ထွန်းရေး
- အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး
- တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး

## တရားရုံး၏ တန်ဖိုးများ

- သာတူညီမျှမှုနှင့် တရားမျှတမှု
- တရားစီရင်ရေး လွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု
- လက်လှမ်းမီနိုင်မှု
- မြန်ဆန်ထိရောက်မှုနှင့် အချိန်မီဆောင်ရွက်နိုင်မှု

## တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်

- တရားစီရင်ရေးလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်
- တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်
- တရားရုံးများအနေဖြင့် စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန်
- တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိလာစေရန်

# အပိုင်း (၁)

# တရားရုံးစနစ်နှင့် စီမံခန့်ခွဲမှုစနစ်

## ၁.၁ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အချုပ်အခြာအာဏာ (၃)ရပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) သည် ပြည်ထောင်စုလွှတ်တော် ပထမအကြိမ်အစည်းအဝေး စတင်ကျင်းပသည့် ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှစ၍ နိုင်ငံတစ်ဝန်းလုံး၌ အာဏာတည်ခဲ့သည်။[၁] ယင်းဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အချုပ်အခြာအာဏာသည် ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း ပြန်လှန်ထိန်းကျောင်း ခြင်းတို့ပြုသည်။[၂] နိုင်ငံတော်၏တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များအပါအဝင် အဆင့်ဆင့်သော တရားရုံးများအား ခွဲဝေအပ်နှင်းသည်။[၃] ပြည်ထောင်စုတစ်ဝန်းလုံးတွင် တရားစီရင်ရေးဆိုင်ရာကိစ္စအဝဝကို စီမံဆောင်ရွက်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေအရဖြစ်စေ၊ အခြားဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ဖွဲ့စည်းသည့်တရားရုံးများတွင် ဥပဒေနှင့်အညီခန့်ထားသော တရားသူကြီးများအား အာဏာအပ်နှင်းထားရှိသည်။[၄]

## ၁.၂ တရားစီရင်ရေးဆိုင်ရာမူများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ် ပုဒ်မ ၁၉ တွင် တရားစီရင်ရေးဆိုင်ရာအခြေခံမူများအဖြစ် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

(၁) ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊

(၂) ဥပဒေအရကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊

(၃) အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး၊

[၁] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၄၁

[၂] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၁(က)

[၃] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၈(က)

[၄] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၁၇

## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေတွင်လည်း တရားစီရင်ရေးဆိုင်ရာမူများကို အခန်း (၂)၊ ပုဒ်မ ၃ ၌ အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

(၁) ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊

(၂) ဥပဒေအရကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊

(၃) အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး၊

(၄) ပြည်သူတို့၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရေး၊

(၅) ဥပဒေကို ပြည်သူများက နားလည်လိုက်နာ ကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည် သူများက ဥပဒေကို လိုက်နာသော အလေ့အကျင့် ပျိုးထောင်ပေးရေး၊

(၆) ပြည်သူအချင်းချင်းနှင့်ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေး ပြီးပြတ်စေရေး၊

(၇) ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရေး။

### ၁.၃ တရားရုံးများဖွဲ့စည်းပုံ

ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ၂၀၁၀ ခုနှစ် အောက်တိုဘာ လ ၂၈ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ အရ ပြဋ္ဌာန်းခဲ့သည်။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့် ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှစတင်၍ အာဏာတည်ခဲ့သည်။[၅]

ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ တရားရုံးအဆင့်ဆင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အောက်ပါအတိုင်း ဖွဲ့စည်းထားရှိသည်-

(၁) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊[၆]

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များ၊[၇]

---

[၅] ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁(ခ)

[၆] ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၇

[၇] ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၃၄

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးများ[၈] ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ[၉] နှင့် ခရိုင်တရားရုံးများ၊[၁၀]

(၄) မြို့နယ်တရားရုံးများ၊[၁၁]

(၅) ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ။[၁၂]

## ၁.၄ တရားလွှတ်တော်များ ပေါ်ပေါက်လာပုံ

ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တွင် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အပါအဝင် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဦးရေ အနည်းဆုံး သုံးဦးမှ အများဆုံး ခုနှစ်ဦးအထိ ခန့်အပ်နိုင်သည်။[၁၃] တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများကို ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတက စတင်ခန့်အပ်တာဝန်ပေးအပ်ခဲ့သည်။[၁၄] နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တရားစီရင်ရေးအာဏာများကို ဖွဲ့စည်းပုံ အခြေခံဥပဒေအရဖွဲ့စည်းသည့် တရားစီရင်ရေးဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ[၁၅] အား ၂၀၁၁ ခုနှစ် မတ် လ ၃၀ ရက်နေ့တွင် လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်၏ ဒုတိယအမြင့်ဆုံးတရားရုံးဖြစ်သည့် တရားလွှတ်တော်များသည် ၂၀၁၁ ခုနှစ် မတ် လ ၃၀ ရက်နေ့တွင် စတင်ပေါ်ပေါက်လာခဲ့သည်။

## ၁.၅ အရေးပေါ်ကာလနှင့် တရားစီရင်ရေးအာဏာ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတနိုင်ငံတော်၏ ယာယီသမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်အား အရေးပေါ်အခြေအနေ တစ်နှစ်သတ်မှတ်ကြေညာ၍ ယင်းကာလအတွင်း နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်

[၈] ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၅၂(က)

[၉] ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၅၂(ခ)

[၁၀] ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၅၂(ဂ)

[၁၁] ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၅၂(ဃ)

[၁၂] ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၅၂(င)

[၁၃] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈(က)(၂) နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၃

[၁၄] နိုင်ငံတော်သမ္မတရုံး၏ ၃၀-၃-၂၀၁၁ရက်စွဲပါ အမိန့်အမှတ် ၁၈/၂၀၁၁
နိုင်ငံတော်သမ္မတရုံး၏ ၃၀-၃-၂၀၁၁ ရက်စွဲပါ အမိန့်အမှတ် ၂၄/၂၀၁၁

[၁၅] နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ၃၀-၃-၂၀၁၁ ရက်စွဲပါကြေညာချက်အမှတ် ၆/၂၀၁၁

ရေးအာဏာများကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၈၊ ပုဒ်မခွဲ(က)အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ လွှဲအပ်တာဝန်ပေးအပ်ခဲ့သည်။[၁၆]

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာကို စွဲကိုင်ကျင့်သုံးသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းကာ[၁၇] ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးဆောင်ရွက်ခဲ့သည်။ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်[၁၈]နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်[၁၉] များအား လွှဲအပ်ကျင့်သုံးစေခဲ့သည်။

## ၁.၆ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ဖွဲ့စည်းတည်ထောင်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)အရ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သည် ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ပေါ်ပေါက်လာခဲ့သည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ကို ခေတ်အဆက်ဆက် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးနှင့် တရားစီရင်ရေးအဖွဲ့များရုံးထိုင်ရာ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်း လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်း နှစ်ခုကြားရှိ အမှတ် ၁၀၁/၁၀၃ အဆောက်အဦတွင် ၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက်နေ့မှစတင်၍ ဖွင့်လှစ်ခဲ့သည်။

[၁၆] နိုင်ငံတော်သမ္မတရုံး၏ ၁-၂-၂၀၂၁ ရက်စွဲပါ အမိန့်အမှတ် ၁/၂၀၂၁၊ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်

[၁၇] တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ၂-၂-၂၀၂၁ ရက်စွဲပါ အမိန့်အမှတ် ၉/၂၀၂၁

[၁၈] တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ၁-၂-၂၀၂၁ ရက်စွဲပါ အမိန့်အမှတ် ၁/၂၀၂၁ (ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအား မိမိတို့၏တာဝန်များကို ဆက်လက်ထမ်းဆောင်ရန် တာဝန်ပေးအပ်ခဲ့သည်။)

[၁၉] တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ၁-၂-၂၀၂၁ ရက်စွဲပါ အမိန့်အမှတ် ၂/၂၀၂၁ (တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တရားလွှတ်တော်တရားသူကြီးများအား မိမိတို့၏တာဝန်များကို ဆက်လက်ထမ်းဆောင်ရန် တာဝန်ပေးအပ်ခဲ့သည်။)

## ၁.၇ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် အဆောက်အဦ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် အဆောက်အဦသည် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄ (အီး)၊ မြေကွက်အမှတ် ၁(အေ) ပေါ်တွင် တည်ရှိသည်။ အရှေ့ဘက်တွင် ပန်းဆိုးတန်းလမ်း၊ အနောက်ဘက်တွင် မဟာဗန္ဓုလပန်းခြံလမ်း၊ တောင်ဘက်တွင် ကုန်သည်လမ်း၊ မြောက်ဘက်တွင် မဟာဗန္ဓုလလမ်းများတည်ရှိသည်။

မြေအမျိုးအစားမှာ အစိုးရမြေ အမျိုးအစားဖြစ်ပြီး "Chief Court" ဟု အမည်ပေါက်၍ မြေဧရိယာ အကျယ်အဝန်းမှာ ၃.၇၈၀ ဧကရှိသည်။ ပရဝုဏ်အကျယ်အဝန်းမှာ အရှေ့ဘက် ပန်းဆိုးတန်းလမ်းဘက်တွင် အလျား ၃၆၀ ပေနှင့် အနောက်ဘက် မဟာဗန္ဓုလပန်းခြံလမ်းဘက်တွင် အလျား ၃၇၈.၆ ပေအကျယ်ရှိသည်။ တောင်ဘက်ကုန်သည်လမ်းဘက်တွင် အလျား ၄၀၀ ပေရှိပြီး အလျား ၁၈၂ ပေ၊ အနံ ၄၄.၅ ပေ ကျယ်ဝန်းသည့် မြေကွက်အစွန်းထွက် ပါရှိသည်။ မြောက်ဘက် မဟာဗန္ဓုလလမ်း ဘက်တွင် အလျား ၄၀၀ ပေရှိပြီး အလျား ၉၈ ပေ၊ အနံ ၁၀၀ ပေ ကျယ်ဝန်းသည့် မြေကွက်အစွန်းထွက်ပါရှိသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် အဆောက်အဦကို အောက်မြန်မာပြည်တရားရုံးချုပ် (The Chief Court of Lower Burma) ရုံးထိုင်ရန် ၁၉၀၅ ခုနှစ် တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၁၁ ခုနှစ် တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။




အိန္ဒိယအစိုးရ၏ အတိုင်ပင်ခံ ဗိသုကာ James Ransome က ပုံစံ ရေးဆွဲ ၍ Bagchi & Co ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ပြီး ရူပီး ၂၄ သိန်းခွဲ[၂၀] ကုန်ကျခဲ့သည်။ ရန်ကုန်မြို့၌ ပထမဆုံး လျှပ်စစ်မီးတပ်ဆင်အသုံးပြုသည့် အဆောက်အဦများတွင် တစ်ခု အပါအဝင်ဖြစ်သည်။[၂၁]

ပင်မအဆောက်အဦသည် စတုဂံပုံသဏ္ဍာန်ဖြစ်ပြီး အဆောင်ကြီး ၄ ဆောင်ဖြင့် ဖွဲ့စည်းထားကာ အလယ်ဗဟိုတွင် မြက်ခင်းပါရှိသည့် ပန်းခြံတစ်ခုရှိသည်။ အဆောက်အဦအမြင့်မှာ ပေ ၇၀ ရှိပြီး သုံးထပ်အဆောက်အဦဖြစ်သည်။ အဆောက်အဦအတွင်းသို့ ဝင်ရောက်သည့် ပင်မဝင်ပေါက် (Main Entrance) ၏ အပေါ် တည့်တည့်တွင် အမြင့် ၁၃၃ ပေ ၆ လက်မမြင့်သော နာရီစင်ကို ထည့်သွင်းတည်ဆောက်ထားသည်။

---

[၂၀] page 283 of B.R.Pearn's "A History of Rangoon", published in 1939 by American Batist Mission Press, Rangoon

[၂၁] ၁-၁၂-၂၀၁၇ ရက်နေ့ထုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြန်တမ်း၊ အတွဲ (၇)၊ အမှတ် (၂၄)၊ စာ ၄၀




ပင်မ အဆောက်အဦ၏ အနောက်မြောက်ဘက်တွင် သုံးထပ်အဆောက်အဦ(၁)ခုနှင့် ပင်မအဆောက်အဦ၏ တောင်ဘက်တွင် (၂) ထပ်အဆောက်အဦ(၃)ခုကို အရန် အဆောက်အအုံများအဖြစ် ထည့်သွင်းကာ တည်ဆောက်ထားသည်။ အရန် အဆောက်အဦများကို ပင်မ အဆောက်အဦ၏ ဗိသုကာလက်ရာနှင့်အညီ ဆောက်လုပ်ထားသည်။

ကိုလိုနီခေတ်တွင် အောက်မြန်မာပြည် တရားရုံးချုပ် (The Chief Court of Lower Burma)နှင့် ရန်ကုန်မြို့တရားလွှတ်တော် (The High Court of Judicature at Rangoon) အဖြစ် လည်းကောင်း၊ လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ်(၁၉၄၈-၁၉၆၂)တွင်တရားလွှတ်တော်ချုပ်(Supreme Court)နှင့် တရားလွှတ်တော် (High Court)အဖြစ်လည်းကောင်း၊ တော်လှန်ရေးကောင်စီခေတ်(၁၉၆၂-၁၉၇၄)တွင် နိုင်ငံတော်တရားရုံးချုပ် (Chief Court) အဖြစ်လည်းကောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ် (၁၉၇၄-၁၉၈၈)တွင် အမြင့်ဆုံးတရားစီရင်ရေးအဖွဲ့ဖြစ်သည့် ပြည်သူ့တရားသူကြီးအဖွဲ့ ရုံးထိုင်ရာ ဗဟိုတရားရုံး (Central Court) နှင့် ပြည်သူ့တရားသူကြီးအဖွဲ့ရုံးအဖြစ် လည်းကောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ခေတ်(၁၉၈၈-၁၉၉၇)တွင် တရားရုံးချုပ်အဖြစ်လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီခေတ် (၁၉၉၇-၂၀၁၁) တွင် တရားရုံးချုပ် (ရန်ကုန်) အဖြစ်လည်းကောင်း ၊ ၃၁-၃-၂၀၁၁ ရက်နေ့မှစ၍ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်အဖြစ်လည်းကောင်း ခေတ်အဆက်ဆက်အသုံးပြုခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် အဆောက်အဦကို ရှေးဟောင်းလက်ရာအဆောက်အအုံအဖြစ် သတ်မှတ်ထားသည်။ ရန်ကုန်မြို့ပြ အမွေအနှစ် (Yangon City Heritage) အဆောက်အအုံအဖြစ် အပြာရောင် ကမ္ပည်းပြား (Blue Plaque) ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့ ၁၈:၀၀နာရီအချိန်၌ မဟာဗန္ဓုလပန်းခြံလမ်းဘက်ခြမ်း ဂိတ်အဝင်အထွက်တွင် ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က လာရောက်တပ်ဆင်ခဲ့သည်။



# ခေတ်အဆက်ဆက် တရားသူကြီးချုပ်များ



အဂ္ဂမဟာသရေစည်သူနှင့် အဂ္ဂမဟာ သီရိသုဓမ္မ
"ဆာဘဦး"
တရားလွှတ်တော်ချုပ်တရားဝန်ကြီးချုပ်
( ၄-၁-၁၉၄၈ မှ ၁၂-၃-၁၉၅၂ အထိ )



သတိုးသီရိသုဓမ္မ "ဦးသိမ်းမောင်"
တရားလွှတ်တော်ချုပ်
တရားဝန်ကြီးချုပ်
( ၂၂-၃-၁၉၅၂ မှ ၁၇-၇-၁၉၅၇ အထိ )



အဂ္ဂမဟာသရေစည်သူ "ဦးမြင့်သိန်း"
နိုင်ငံတော် တရားဝန်ကြီးချုပ်
( ၁၇-၇-၁၉၅၇ မှ ၁-၃-၁၉၆၂ အထိ )

# ခေတ်အဆက်ဆက် တရားသူကြီးချုပ်များ



"ဦးဘိုကြီး"
တရားရုံးချုပ် တရားသူကြီးချုပ်
( ၃၀-၃-၁၉၆၂ မှ ၁-၃-၁၉၆၅ အထိ )



"ဒေါက်တာ မောင်မောင်"
တရားရုံးချုပ် တရားသူကြီးချုပ်
( ၇-၆-၁၉၆၅ မှ ၁၂-၇-၁၉၇၂ အထိ )



"ဦးလှသင်း"
နိုင်ငံတော်တရားသူကြီးချုပ်
( ၁၂-၇-၁၉၇၂ မှ ၂-၃-၁၉၇၄ အထိ )



"သူရဦးအောင်ဖေ"
ပြည်သူ့တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ
( ၃-၃-၁၉၇၄ မှ ၈-၁၁-၁၉၈၁ အထိ )

# ခေတ်အဆက်ဆက် တရားသူကြီးချုပ်များ



"ဦးမောင်မောင်ကျော်ဝင်း"
ပြည်သူ့တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ
( ၉-၁၁-၁၉၈၁ မှ ၁၉-၇-၁၉၈၂ အထိ )



"ဦးတင်အောင်ဟိန်း"
ပြည်သူ့တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ
( ၁၁-၁၀-၁၉၈၂ မှ ၁၈-၉-၁၉၈၈ အထိ )



သရေစည်သူ "ဦးအောင်တိုး"
တရားရုံးချုပ် တရားသူကြီးချုပ်
( ၂၇-၉-၁၉၈၈ မှ ၃၀-၃-၂၀၁၁ အထိ )



ဝဏ္ဏကျော်ထင် စည်သူ ဦးထွန်းထွန်းဦး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီးချုပ်
( ၃၀-၃-၂၀၁၁ မှ ၂-၈-၂၀၂၃ အထိ )

# ပြည်ထောင်စုတရားသူကြီးချုပ်



သီရိပျံချီ ဦးသာဌေး
( ၃-၈-၂၀၂၃ မှ ယနေ့အထိ )

# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်



ဦးဝင်းဆွေ

( ၃၀-၃-၂၀၁၁ မှ ၂၇-၁၁-၂၀၁၈ အထိ )



ဦးလှအေး

( ၁၂-၁၂-၂၀၁၈ မှ ၁၆-၁၀-၂၀၂၀ အထိ )



ဝဏ္ဏကျော်ထင် ဒေါ်သင်းသင်းနွဲ့

( ၇-၂-၂၀၂၁ မှ ၁၅-၃-၂၀၂၂ အထိ )

# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်



ဝဏ္ဏကျော်ထင် ဒေါ်စန္ဒာသွယ်
( ၂၃-၃-၂၀၂၂ မှ ယနေ့အထိ )

# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ



ဒေါ်စိုးခက်ခက်
(၆-၂-၂၀၁၉ မှ ယနေ့အထိ)



ဒေါ်ချိုမာလာ
(၂၁-၂-၂၀၂၀ မှ ယနေ့အထိ)



ဦးညိုထွန်း
(၇-၂-၂၀၂၁ မှ ယနေ့အထိ)



ဦးကျော်စွာငြိမ်း
(၁-၃-၂၀၂၁ မှ ယနေ့အထိ)



ဒေါ်ထားထား
(၁၉-၁-၂၀၂၂ မှ ယနေ့အထိ)



ဒေါ်နုနုခင်
(၂၃-၃-၂၀၂၂ မှ ယနေ့အထိ)

## ၁.၈ တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ပိုင်ခွင့်အာဏာများ

**ရာဇဝတ် စီရင်ပိုင်ခွင့် အာဏာ**

- ❖ရာဇသတ်ကြီးပါ မည်သည့်ပြစ်မှုကိုမဆို စစ်ဆေးစီရင်နိုင်သည်။
- ❖အခြားဥပဒေအရ ပြစ်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဥပဒေတွင် မည်သည့်တရားရုံးက စစ်ဆေးစီရင်ရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိလျှင် မည်သည့်ပြစ်မှုကိုမဆို စစ်ဆေးစီရင်နိုင်သည်။
- ❖ဥပဒေက ခွင့်ပြုသည့် မည်သည့်ပြစ်ဒဏ်ကိုမဆို ချမှတ်နိုင်သည်။ သို့ရာတွင် တရားလွှတ်တော်က ချမှတ်သည့် သေဒဏ်အမိန့်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြုမှသာ အတည်ဖြစ်သည်။

**တရားမ စီရင်ပိုင်ခွင့် အာဏာ**

- ❖ဥပဒေအရ ကန့်သတ်ထားချက်မှအပ မည်သည့်တရားမဆိုင်ရာ အမှုများကိုမဆို စစ်ဆေးစီရင်ခွင့်ရှိသည်။
- ❖သို့ရာတွင် တရားမမူလတစ်မှုကို စီရင်ပိုင်ခွင့်အာဏာရှိသော အနိမ့်ဆုံးအဆင့်ရှိ တရားရုံးတွင် စွဲဆိုရမည်ဟူသော တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅ ပြဋ္ဌာန်းချက်အရ တရားလွှတ်တော်သည် ခရိုင်တရားရုံးများက လက်ခံစစ်ဆေးနိုင်သော အမှုတန်ဖိုးထက် ကျော်လွန်သည့် တရားမမူလမှုများကိုသာ လက်ခံ စစ်ဆေးသည်။

**ပင်လယ် ရေကြောင်းအမှု စီရင်ပိုင်ခွင့်အာဏာ**

- ❖တရားလွှတ်တော်သည် ပင်လယ်ရေကြောင်းအမှုကို စီရင်ပိုင်ခွင့်အာဏာရှိသည်။

**အယူခံမှုနှင့် ပြင်ဆင်မှု စီရင်ပိုင်ခွင့်အာဏာ**

❖ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံး သို့မဟုတ် ခရိုင်တရားရုံးက ချမှတ်သော စီရင်ချက်၊ ဒီကရီ၊ အမိန့်ကို ဥပဒေနှင့်အညီ အယူခံမှု စီရင်ပိုင်ခွင့်အာဏာနှင့် ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာရှိသည်။

**အမှုလွှဲပြောင်းမှုကို စီရင်ပိုင်ခွင့်အာဏာ**

❖မိမိစီရင်ပိုင်ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း မိမိ၏ဆုံးဖြတ်ချက်အရ လွှဲပြောင်းရယူသော အမှုကို စီရင်ပိုင်ခွင့်အာဏာရှိသည်။

❖မိမိစီရင်ပိုင်ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း တရားရုံးတစ်ရုံးမှ အခြားတရားရုံးတစ်ရုံးသို့ အမှု လွှဲပြောင်းပေးမှုကို စီရင်ပိုင်ခွင့်အာဏာရှိသည်။

**လွှဲအပ်လွှာ စီရင်ပိုင်ခွင့်အာဏာ**

❖ဥပဒေတစ်ရပ်ရပ်အရ လွှဲအပ်လွှာ တင်သွင်းခွင့်ပြုထား သည့်အမှုများကို စီရင်ပိုင်ခွင့်အာဏာရှိသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သည် ပြည်ထောင်စုတရား လွှတ်တော်ချုပ်၏ လမ်းညွှန်မှုနှင့်အညီ မိမိစီရင်ပိုင်ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း တည်ရှိသောတရားရုံးအားလုံးကို တရားစီရင်ရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ကြီးကြပ် ကွပ်ကဲရန် တာဝန်ရှိသည်။[၂၂]

ထို့ပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တရားသူကြီးများသည် မိမိတို့၏ စီရင်ပိုင်ခွင့်ရှိရာ ဒေသအတွင်းရှိ အကျဉ်းစခန်းများ၊ ရဲဘက်စခန်း များ၊ ရဲတပ်ဖွဲ့အချုပ်စခန်းများကို အနည်းဆုံး ခြောက်လလျှင်တစ်ကြိမ် စစ်ဆေးကြည့်ရှုနိုင် သည်။[၂၃]

[၂၂] ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၂

[၂၃] ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၆၈ ( ဥပဒေအမှတ် ၃၀/၂၀၁၃ ဖြင့် ဖြည့်စွက်သည်။)

## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

### ၁.၉ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ကြီးကြပ်မှုအောက်ရှိ တရားရုံးများ




### ၁.၉.၁ ခရိုင်တရားရုံးများ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တည်ထောင်ဖွဲ့စည်းချိန်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးနှင့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးဟူ၍ ခရိုင်တရားရုံး(၄)ရုံးသည် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ကြီးကြပ်မှုအောက်တွင် တရားစီရင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

၂၀၂၂ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၄၅) မြို့နယ်ကို ခရိုင် (၄)ခရိုင်ဖြင့် ဖွဲ့စည်းထားခြင်းကို ပယ်ဖျက်၍ စုစုပေါင်း ခရိုင်(၁၄) ခရိုင်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနက ပြင်ဆင်ဖွဲ့စည်းခဲ့သည်။[၂၄] ထို့ကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးနှင့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတို့ကို ဖွဲ့စည်းထားခြင်းအား ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် ပယ်ဖျက်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ခရိုင်တရားရုံး (၁၄)ရုံးကို ဖွဲ့စည်းတည်ထောင်ဖွင့်လှစ်ခွင့်ပြုခဲ့သည်။[၂၅]

[၂၄] ပြည်ထဲရေးဝန်ကြီးဌာန(ဝန်ကြီးရုံး)၏ ၃၀-၄-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် - ၃၃၁/၂၀၂၂
[၂၅] ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၁၇-၈-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် - ၅၅၆/၂၀၂၂

## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ကြီးကြပ်မှုအောက်ရှိ ခရိုင်တရားရုံးများ



တိုက်ကြီးခရိုင်တရားရုံး



လှည်းကူးခရိုင်တရားရုံး




မှော်ဘီခရိုင်တရားရုံး




မင်္ဂလာဒုံခရိုင်တရားရုံး




အင်းစိန်ခရိုင်တရားရုံး



ဗိုလ်တထောင်ခရိုင်တရားရုံးနှင့် သဃ်န်းကျွန်းခရိုင်တရားရုံး

## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ



ဒဂုံမြို့သစ်ခရိုင်တရားရုံး




သန်လျင်ခရိုင်တရားရုံးနှင့် တွံတေးခရိုင်တရားရုံး



ကျောက်တံတားခရိုင်တရားရုံးနှင့်
ကမာရွတ်ခရိုင်တရားရုံး



အလုံခရိုင်တရားရုံး



မရမ်းကုန်းခရိုင်တရားရုံး

## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ကြီးကြပ်မှုအောက်ရှိ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများ

### ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

**တိုက်ကြီးခရိုင်တရားရုံး**
- တိုက်ကြီးမြို့နယ်တရားရုံး

**လှည်းကူးခရိုင်တရားရုံး**
- လှည်းကူးမြို့နယ်တရားရုံး

**မှော်ဘီခရိုင်တရားရုံး**
- မှော်ဘီမြို့နယ်တရားရုံး
- ထန်းတပင်မြို့နယ်တရားရုံး

**မင်္ဂလာဒုံခရိုင်တရားရုံး**
- မင်္ဂလာဒုံမြို့နယ်တရားရုံး
- ရွှေပြည်သာမြို့နယ်တရားရုံး

**အင်းစိန်ခရိုင်တရားရုံး**
- အင်းစိန်မြို့နယ်တရားရုံး
- လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံး
- လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တရားရုံး

**သင်္ဃန်းကျွန်းခရိုင်တရားရုံး**
- သင်္ဃန်းကျွန်းမြို့နယ်တရားရုံး
- တောင်ဥက္ကလာပမြို့နယ်တရားရုံး
- ရန်ကင်းမြို့နယ်တရားရုံး
- တာမွေမြို့နယ်တရားရုံး

**ဗိုလ်တထောင်ခရိုင်တရားရုံး**
- ဗိုလ်တထောင်မြို့နယ်တရားရုံး
- ဒေါပုံမြို့နယ်တရားရုံး
- မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး
- ပုဇွန်တောင်မြို့နယ်တရားရုံး
- သာကေတမြို့နယ်တရားရုံး

**ဒဂုံမြို့သစ်ခရိုင်တရားရုံး**
- ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး
- ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး
- ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး
- ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံး

**သန်လျင်ခရိုင်တရားရုံး**
- သန်လျင်မြို့နယ်တရားရုံး
- ကျောက်တန်းမြို့နယ်တရားရုံး
- သုံးခွမြို့နယ်တရားရုံး
- ခရမ်းမြို့နယ်တရားရုံး
- ကိုကိုးကျွန်းမြို့နယ်တရားရုံး

**တွံတေးခရိုင်တရားရုံး**
- တွံတေးမြို့နယ်တရားရုံး
- ဆိပ်ကြီးခနောင်တိုမြို့နယ်တရားရုံး
- ဒလမြို့နယ်တရားရုံး
- ကော့မှူးမြို့နယ်တရားရုံး
- ကွမ်းခြံကုန်းမြို့နယ်တရားရုံး

**ကျောက်တံတားခရိုင်တရား**
- ကျောက်တံတားမြို့နယ်တရားရုံး
- ပန်းဘဲတန်းမြို့နယ်တရားရုံး
- လမ်းမတော်မြို့နယ်တရားရုံး
- လသာမြို့နယ်တရားရုံး
- ဒဂုံမြို့နယ်တရားရုံး

**အလုံခရိုင်တရားရုံး**
- အလုံမြို့နယ်တရားရုံး
- ကြည့်မြင်တိုင်မြို့နယ် တရားရုံး
- စမ်းချောင်းမြို့နယ် တရားရုံး

**မရမ်းကုန်းခရိုင်တရားရုံး**
- **မရမ်းကုန်းမြို့နယ်တရား ရုံး**
- လှိုင်မြို့နယ်တရားရုံး
- မြောက်ဥက္ကလာပမြို့နယ် တရားရုံး

**ကမာရွတ်ခရိုင်တရားရုံး**
- ကမာရွတ်မြို့နယ် တရားရုံး
- ဗဟန်းမြို့နယ် တရားရုံး

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ကြီးကြပ်မှုအောက်ရှိ ခရိုင်တရားရုံးများ၏ တည်နေရာများကို **နောက်ဆက်တွဲ (က)** ဖြင့် ဖော်ပြထားပါသည်။

## ၁.၉.၂ ခရိုင်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာများ

**ရာဇဝတ် စီရင်ပိုင်ခွင့် အာဏာ**

- ❖ရာဇသတ်ကြီးပါ မည်သည့်ပြစ်မှုကိုမဆို စစ်ဆေးစီရင်နိုင် သည်။
- ❖အခြားဥပဒေအရ ပြစ်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဥပဒေတွင် မည်သည့်တရားရုံးက စစ်ဆေးစီရင်ရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိလျှင် မည်သည့်ပြစ်မှုကိုမဆို စစ်ဆေးစီရင်နိုင် သည်။
- ❖ဥပဒေက ခွင့်ပြုသည့် မည်သည့်ပြစ်ဒဏ်ကိုမဆို ချမှတ်နိုင်သည်။ သို့ရာတွင် ခရိုင်တရားရုံးက ချမှတ်သည့် သေဒဏ်အမိန့်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြုမှသာအတည် ဖြစ်သည်။

**တရားမ စီရင်ပိုင်ခွင့် အာဏာ**

**ခရိုင်တရားသူကြီး**

- ➢ကျပ်သိန်း ၃၀၀၀၀ ထက်မပို သည့် တရားမမူလမှု သို့မဟုတ် မူလမှုခင်းများကိုစစ်ဆေးစီရင်ပိုင်ခွင့်ရှိသည်။

**တွဲဖက် ခရိုင်တရားသူကြီး**

- ❖ကျပ်သိန်း ၃၀၀၀၀ ထက်မပိုသည့် တရားမမူလမှု သို့မဟုတ် မူလမှုခင်းများကို စစ်ဆေးစီရင်ပိုင်ခွင့် ရှိသည်။

**ဒုတိယ ခရိုင်တရားသူကြီး**

- ❖ကျပ်သိန်း ၁၅၀၀၀ ထက်မပိုသည့် တရားမမူလမှု သို့မဟုတ် မူလမှုခင်းများကို စစ်ဆေးစီရင်ပိုင်ခွင့် ရှိသည်။

(ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၈-၁၂-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၃၀/၂၀၂၀ ဖြင့် တရားမစီရင်ပိုင်ခွင့်အာဏာများအပ်နှင်းသည်။)

**အယူခံမှုနှင့် ပြင်ဆင်မှု စီရင်ပိုင်ခွင့် အာဏာ**

❖မြို့နယ်တရားရုံးနှင့် ဥပဒေအရတည်ထောင်သော အခြား တရားရုံးက ချမှတ်သော စီရင်ချက်၊ ဒီကရီ၊ အမိန့်ကို ဥပဒေ နှင့်အညီ အယူခံမှုစီရင်ပိုင်ခွင့်အာဏာနှင့် ပြင်ဆင်မှု စီရင်ပိုင် ခွင့်အာဏာရှိသည်။

**အမှုလွှဲပြောင်းမှုကို စီရင်ပိုင်ခွင့် အာဏာ**

❖မိမိစီရင်ပိုင်ခွင့်ရှိသောခရိုင်အတွင်း မိမိ၏ ဆုံးဖြတ်ချက်အရ လွှဲပြောင်း ရယူသော အမှုကို စီရင်ပိုင်ခွင့်အာဏာရှိသည်။

❖မိမိစီရင်ပိုင်ခွင့်ရှိသော ခရိုင်အတွင်း တရားရုံးတစ်ရုံးမှ အခြား တရားရုံးတစ်ရုံးသို့ အမှုလွှဲပြောင်းပေးမှုကို စီရင်ပိုင်ခွင့် အာဏာ ရှိသည်။

**လွှဲအပ်လွှာ စီရင်ပိုင်ခွင့် အာဏာ**

❖ခရိုင်တရားသူကြီးများသည် မိမိခရိုင်အတွင်း ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၃၂(၁) အရ တင်သွင်းသော လွှဲအပ်လွှာကို စီရင်ရန် စီရင်ပိုင်ခွင့် အာဏာရှိသည်။

ခရိုင်တရားရုံးတွင် တရားမ၊ ရာဇဝတ် မူလမှုများကို ကြားနာခွင့်ရှိပြီး လက်အောက်ခံ တရားရုံးများက ချမှတ်သော စီရင်ချက် ဒီကရီနှင့် အမိန့်များအပေါ် အယူခံမှုနှင့် ပြင်ဆင်မှု စီရင်ပိုင်ခွင့်အာဏာများလည်းရှိပါသည်။

ခရိုင်တရားရုံးများသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီးတရား လွှတ်တော်တို့၏ လမ်းညွှန်မှုနှင့်အညီ သက်ဆိုင်ရာ မိမိစီရင်ပိုင်ခွင့်အတွင်းရှိ မြို့နယ်တရားရုံး အားလုံးကို တရားစီရင်ရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲရသည်။[၂၆]

ခရိုင်တရားသူကြီးများသည် မိမိတို့၏စီရင်ပိုင်ခွင့်ရှိရာဒေသအတွင်းရှိ အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများ၊ ရဲတပ်ဖွဲ့အချုပ်စခန်းများကို အနည်းဆုံး ခြောက်လလျှင် တစ်ကြိမ် ကြည့်ရှု စစ်ဆေးနိုင်သည်။[၂၇]

---

[၂၆] ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၅၈

[၂၇] ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၆၈ ( ဥပဒေအမှတ် ၃၀/၂၀၁၃ ဖြင့် ဖြည့်စွက်သည်။)

## ၁.၉.၃ မြို့နယ်တရားရုံးများ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ကြီးကြပ်မှုအောက်တွင် ဖွဲ့စည်းပုံအရ မြို့နယ်တရားရုံး ၄၅ ရုံး တည်ထောင်ဖွဲ့စည်းရမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် ဆိပ်ကမ်းမြို့နယ် တရားရုံးကို ဖျက်သိမ်းခဲ့ပြီးနောက်ပိုင်းတွင် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်တရားရုံးကို ဖွဲ့စည်းတည်ထောင်နိုင်ခြင်းမရှိသေးသဖြင့် မြို့နယ်တရားရုံး ၄၄ ရုံးဖြင့် တရားစီရင်ရေး လုပ်ငန်းများကိုဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တရားရုံးကို ၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် တည်ထောင်ဖွင့်လှစ်ခဲ့သည်။[၂၈] လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်တရားရုံးသည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံး အဆောက်အဦ တွင် စတင်ဖွင့်လှစ်ခဲ့ပြီး တရားစီရင်ရေးလုပ်ငန်းများကို ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါတွင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်တရားရုံး အဆောက်အဦသစ်ကို ၆-၂-၂၀၂၄ ရက်နေ့တွင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ အတွင်းပဒံ ကျေးရွာ၊ ရန်ကုန်-ပုသိမ်ကားလမ်း၊ စုပေါင်းရုံးအဆောက်အဦ အမှတ်(၂)တွင် ဖွင့်လှစ်ခဲ့ရာ ၁၅-၂-၂၀၂၄ ရက်နေ့မှစ၍ ရုံးထိုင်ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ စာရင်းအရ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ ကြီးကြပ်မှုအောက်တွင် မြို့နယ်တရားရုံး ၄၅ ရုံးသည် တရားစီရင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်တရားရုံးများသည် တရားမမှုနှင့် ရာဇဝတ်မှုနှစ်မျိုးစလုံးကို ကြားနာနိုင်သည့် မူလမှု စီရင်ပိုင်ခွင့်အာဏာရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ကြီးကြပ်မှုအောက်ရှိ မြို့နယ်တရားရုံးများ၏ တည်နေရာများကို **နောက်ဆက်တွဲ (က)**ဖြင့် ဖော်ပြထားပါသည်။

[၂၈] ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၄-၈-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၀၈/၂၀၂၂

## ၁.၉.၄ မြို့နယ်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာများ






ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၃ အရ မြို့နယ်တရားရုံးများအား တန်ဖိုးကျပ် သိန်း ၅၀၀ ထက်မပိုသည့် တရားမမူလမှု သို့မဟုတ် မူလမှုခင်းများစီရင်ရန် စီရင်ပိုင်ခွင့်အာဏာကိုအပ်နှင်းခဲ့ပြီး ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၆၄ အရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား တန်ဖိုးကျပ်သိန်း ၅၀၀ ထက်မပိုသည့် တရားမမူလမှု သို့မဟုတ် မူလမှုခင်းများကိုစီရင်ရန် စီရင်ပိုင်ခွင့်အာဏာ ကိုလည်းကောင်း၊ ဒုတိယမြို့နယ်တရားသူကြီးများအား တန်ဖိုးကျပ်သိန်း ၂၀၀ ထက်မပိုသည့် တရားမမူလမှု သို့မဟုတ် မူလမှုခင်းများကို စီရင်ရန် စီရင်ပိုင်ခွင့်အာဏာကိုလည်းကောင်း **ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၁၄-၂-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀၅/၂၀၂၄** ဖြင့် အပ်နှင်းထားပါသည်။

### ၁.၉.၅ ဥပဒေအရ တည်ထောင်သော တရားရုံးများ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ကြီးကြပ်မှုအောက်တွင် ဥပဒေအရတည်ထောင်သော တရားရုံးများအနေဖြင့် ကလေးသူငယ်တရားရုံး (၁)ရုံး၊ စည်ပင်သာယာတရားရုံး (၇)ရုံးနှင့် မော်တော်ယာဉ် တရားရုံး(၂)ရုံး၊ မှုပိုင်ခွင့်တရားရုံးတို့ ဖွဲ့စည်းတည်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ကြီးကြပ်မှုအောက်ရှိ ဥပဒေအရ တည်ထောင်သောတရားရုံးများ၏ တည်နေရာများကို **နောက်ဆက်တွဲ (က)**ဖြင့် ဖော်ပြထားပါသည်။

#### ၁.၉.၅.၁ ကလေးသူငယ်တရားရုံး (ရန်ကုန်)

၂၀၁၉ ခုနှစ် ဇူလိုင် လ ၂၃ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က "ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ"ကို အသစ်ပြဋ္ဌာန်းလိုက်သဖြင့် ကလေးသူငယ်တရားရုံး(ရန်ကုန်မြို့)ကို ယင်းဥပဒေပုဒ်မ ၈၂(ခ)အရ အသစ်ပြန်လည်ဖွဲ့စည်းတည်ထောင်ထားရှိသည်။ ကလေးသူငယ်တရားရုံး(ရန်ကုန်မြို့)သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၁၉)မြို့နယ်[၂၉] တွင် ဖြစ်ပွားသော ကလေးသူငယ်မှုခင်းကိစ္စများကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည်။ ကလေးသူငယ်တရားရုံး(ရန်ကုန်)နှင့် ကလေးသူငယ်တရားရုံးများသည် ၂၀၁၉ ခုနှစ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအခန်း(၂၂)နှင့်အညီ ကလေးသူငယ်တရားစီရင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

#### ၁.၉.၅.၂ စည်ပင်သာယာတရားရုံးများ

ရန်ကုန်တိုင်းဒေသကြီးတွင် မြို့နယ်တရားရုံး(စည်ပင်သာယာ)၊ ရုံးအမှတ် (၁) မှ (၇)အထိ (၇)ရုံးကို ဖွဲ့စည်းတည်ထောင်ထားရှိသည်။ အဆိုပါရုံးများသည် ၂၀၁၈ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေအရ တရားစွဲဆိုတင်ပို့သည့် မှုခင်းများကို စစ်ဆေးစီရင်လျက်ရှိသည်။

---

[၂၉] မရမ်းကုန်းမြို့နယ်၊ ကမာရွတ်မြို့နယ်၊ လှိုင်မြို့နယ်၊ ရန်ကင်းမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ အလုံမြို့နယ်၊ လမ်းမတော်မြို့နယ်၊ လသာမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ ဗဟန်းမြို့နယ်၊ ဒဂုံမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တာမွေမြို့နယ်၊ သာကေတမြို့နယ်၊ ဒေါပုံမြို့နယ်။

(ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျန်မြို့နယ်(၂၆)မြို့နယ်တွင် ဖြစ်ပွားသော ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်နိုင်ရန်အလို့ငှာ သက်ဆိုင်ရာ မြို့နယ်တရားရုံးအသီးသီးရှိ မြို့နယ်တရားသူကြီးများအား ၂၀၁၉ ခုနှစ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ ၈၂(ခ)အရ စီရင်ပိုင်ခွင့်အာဏာအပ်နှင်းထားသည်။)

### ၁.၉.၅.၃ မော်တော်ယာဉ်တရားရုံးများ

ရန်ကုန်တိုင်းဒေသကြီးတွင် မြို့နယ်တရားရုံး(မော်တော်ယာဉ်)ကို ပန်းဘဲတန်းမြို့နယ်နှင့် အင်းစိန်မြို့နယ်တို့တွင် တည်ထောင်ဖွင့်လှစ်ထားရှိသည်။ မြို့နယ်တရားရုံး(မော်တော်ယာဉ်)သည် ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ တရားစွဲဆိုတင်ပို့သည့်အမှုများကို စစ်ဆေးစီရင်လျက်ရှိသည်။

### ၁.၉.၅.၄ မူပိုင်ခွင့်တရားရုံးများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မူပိုင်ခွင့်ဆိုင်ရာ ရာဇဝတ်ကြောင်းအရ အငြင်းပွားမှုများကို စစ်ဆေးစီရင်နိုင်ရန်အတွက် ခရိုင်တရားရုံးများသို့လည်းကောင်း၊ မူပိုင်ခွင့်ဆိုင်ရာ တရားမကြောင်းအရ အငြင်းပွားမှုများကို စစ်ဆေးစီရင်နိုင်ရန်အတွက် ကျောက်တံတားခရိုင်တရားရုံးသို့လည်းကောင်း အာဏာအပ်နှင်းထားပြီး မူပိုင်ခွင့်တရားရုံးကချမှတ်သည့် စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများနှင့် တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားမှုများကို ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ အာဏာအပ်နှင်းထားပါသည်။[၃၀]

မူပိုင်ခွင့်ဆိုင်ရာ တရားမကြောင်းအရ အငြင်းပွားမှုများကို စစ်ဆေးစီရင်ရန် ကျောက်တံတားခရိုင်တရားရုံးသို့ အာဏာအပ်နှင်းထားသဖြင့် ကျောက်တံတားခရိုင်တရားရုံးသည် မူပိုင်ခွင့်ဆိုင်ရာ တရားမကြောင်းအရ အငြင်းပွားမှုများကို စစ်ဆေးစီရင်လျက်ရှိပါသည်။

---

၃၀။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၄-၃-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃၅/၂၀၂၃ ၊ ၂၃၈/၂၀၂၃ ၊ ၂၃၆/၂၀၂၃ ၊
ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၇-၁၀-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၅၅/၂၀၂၃ ၊ ၉၅၆/၂၀၂၃ ၊ ၉၅၈/၂၀၂၃ ၊ ၉၆၁/၂၀၂၃ ၊ ၉၆၂/၂၀၂၃ ၊ ၉၆၄/၂၀၂၃
ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၃-၆-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၈၉/၂၀၂၄ ၊ ၆၉၀/၂၀၂၄ ၊ ၆၉၂/၂၀၂၄

## ၁.၁၀ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စီမံခန့်ခွဲရေးရုံးများဖွဲ့စည်းပုံ




ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စီမံခန့်ခွဲရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းများကို တရားသူကြီးချုပ်ရုံးနှင့် တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံးတို့က တာဝန်ယူဆောင်ရွက်ပါသည်။ တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံးအောက်တွင် စီမံနှင့် ထောက်ပံ့ဌာန၊ တရားစီရင်ရေးဌာန၊ စေ့စပ်ဖြေရှင်းရေးဌာနတို့ဖွဲ့စည်းထားပြီး တရားစီရင်ရေးဌာနအောက်တွင် ပြစ်မှုဌာနနှင့် တရားမဌာနဟူ၍ ဌာနခွဲ(၂)ခု ထပ်မံဖွဲ့စည်းပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

## ၁.၁၁ ဘဏ္ဍာငွေခွဲဝေရရှိမှု

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းအသုံးစရိတ်၊ သာမန်အသုံးစရိတ်နှင့် ခွင့်ပြုငွေ၊ အမှန်သုံးစွဲငွေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ အသုံးစရိတ် (ကျပ်သန်း)

| စဉ် | ငွေစာရင်းခေါင်းစဉ် | ခွင့်ပြုငွေ | အမှန်သုံးငွေ | ပြန်အပ်ငွေ |
|---|---|---|---|---|
| ၁။ | ငွေလုံးငွေရင်းစရိတ် | ၅၉၀၀.၆၃၁ | ၆၀၃၃.၁၈၆ | ၂.၄၄၅ |
| ၂။ | သာမန်အသုံးစရိတ် | ၂၇၀၆.၉၂၈ | ၂၇၀၆.၉၂၈ | - |

## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

| ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ အသုံးစရိတ် (ကျပ်သန်း) | | | | |
|---|---|---|---|---|
| စဉ် | ငွေစာရင်းခေါင်းစဉ် | ခွင့်ပြုငွေ | အမှန်သုံးငွေ | ပြန်အပ်ငွေ |
| ၁။ | ငွေလုံးငွေရင်းစရိတ် | ၈၉၂၇.၇၄၉ | ၈၉၂၃.၂၄၉ | ၄.၅၀၀ |
| ၂။ | သာမန်အသုံးစရိတ် | ၂၈၈၁.၃၅၆ | ၂၈၈၁.၃၅၆ | - |

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် သာမန်အသုံးစရိတ်ငွေ ကျပ်သန်း ၂၇၀၆.၉၂၈ ကိုလည်းကောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် သာမန်အသုံးစရိတ်ငွေ ကျပ်သန်း ၂၈၈၁.၃၅၆ ကိုလည်းကောင်း ခွဲဝေချထားပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က လက်အောက်ခံ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများသို့ ဆက်လက်ခွဲဝေချထားပေးခဲ့ပါသည်။

### ၁.၁၂ တာဝန်ထမ်းဆောင်သော တရားရေးအရာရှိများ

၂၀၂၄ ခုနှစ် ဒီဇင်ဘာ လ ၃၁ ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ကြီးကြပ်မှုအောက်ရှိ တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်သော တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် ရုံးဝန်ထမ်းများ၏ ရာထူးအလိုက် ဝန်ထမ်းအင်အားစာရင်းကို **နောက်ဆက်တွဲ (ခ)** ဖြင့် ဖော်ပြထားပါသည်။

## ၁.၁၂.၁ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်



ဦးကျော်ကျော်
( ၁၅-၆-၂၀၂၁ မှ ယနေ့အထိ )
တိုင်းဒေသကြီးတရားရေးဦးစီးမှူး

## တရားသူကြီးချုပ်ရုံး

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ရာထူး | တာဝန်ထမ်းဆောင်ခဲ့သည့်ကာလ | |
|---|---|---|---|---|---|
| | | | | မှ | အထိ |
| ၁။ | ဒေါ်နီလာညွန့် | တ/၂၅၃၀ | ဒုတိယညွှန်ကြားရေးမှူး (ရုံးအဖွဲ့မှူး) | ၁၆-၅-၂၀၂၂ | ၅-၁-၂၀၂၄ |
| ၂။ | ဒေါ်ချိုချိုမြတ် | တ/၂၆၉၃ | ဒုတိယညွှန်ကြားရေးမှူး (ရုံးအဖွဲ့မှူး) | ၁၅-၂-၂၀၂၄ | ယနေ့အထိ |
| ၃။ | ဒေါ်သဲသဲကျော် | တ/၂၉၈၅ | လက်ထောက်ညွှန်ကြားရေးမှူး | ၂၇-၁၀-၂၀၂၃ | ယနေ့အထိ |

## တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး၊ စီမံ/ထောက်ပံ့ဌာန

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ရာထူး | တာဝန်ထမ်းဆောင်ခဲ့သည့်ကာလ | |
|---|---|---|---|---|---|
| | | | | မှ | အထိ |
| ၁။ | ဒေါ်ဖြူဝင်းယဉ် | တ/၂၆၉၁ | ဒုတိယညွှန်ကြားရေးမှူး | ၁-၇-၂၀၂၁ | ၁၀-၇-၂၀၂၄ |
| ၂။ | ဒေါ်ရူပဝင်း | တ/၂၄၉၈ | ဒုတိယညွှန်ကြားရေးမှူး | ၂၉-၉-၂၀၂၃ | ၉-၁၀-၂၀၂၄ |
| ၃။ | ဒေါ်ခင်ဝင်းလှိုင် | တ/၂၅၆၁ | ဒုတိယညွှန်ကြားရေးမှူး | ၃၀-၇-၂၀၂၄ | ယနေ့အထိ |
| ၄။ | ဦးစိန်ကျော်ဖြူ | တ/၂၅၂၁ | ဒုတိယညွှန်ကြားရေးမှူး | ၁၁-၉-၂၀၂၄ | ယနေ့အထိ |
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားရုံးများ၏ ၂၀၂၄ ခုနှစ်အတွင်း ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း၊ ဆုံးဖြတ်ပြီးအမှုများသက်တမ်းနှင့်အမှုရွှေ့ဆိုင်းနှုန်းအခြေအနေကို အပိုင်း(၃)၊ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇) အရ ဆောင်ရွက်ချက်များ၏ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ခြင်း (ရည်မှန်းချက် ၅.၁) တွင် အသေးစိတ် ရှင်းလင်းဖော်ပြထားပါသည်။

### ၂.၁.၁ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း

၂၀၂၄ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်နှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးများ၏ ရာဇဝတ်ဆိုင်ရာ အမှုများနှင့် တရားမဆိုင်ရာအမှုများ စစ်ဆေးစီရင်ပြီးပြတ်နှုန်းကို ဇယား(၁)တွင် ပြက္ခဒိန်နှစ်အလိုက် ဖော်ပြထားပါသည်။

၂၀၂၄ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများသို့ စွဲဆိုတင်ပို့သော အမှုပေါင်း ၁၁၀၅၅ မှုဖြစ်ပြီး၊ ပြီးပြတ်မှုမှာ ၁၁၂၂၄၅ မှုဖြစ်ပါသည်။ မှုခင်းအားလုံး၏ ပြီးပြတ်နှုန်းမှာ ၁၀၂% ဖြစ် ပါသည်။

(ဇယား-၁) ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း (၂၀၂၃-၂၀၂၄)

| | ၂၀၂၃ ခုနှစ် | | | ၂၀၂၄ ခုနှစ် | | |
|---|---|---|---|---|---|---|
| | ရာဇဝတ် | တရားမ | စုစုပေါင်း | ရာဇဝတ် | တရားမ | စုစုပေါင်း |
| စွဲဆိုတင်ပို့မှု | ၁၀၈၈၈၄ | ၉၉၇၁ | ၁၁၈၈၅၅ | ၁၀၀၀၀၂ | ၁၀၅၅၃ | ၁၁၀၅၅၅ |
| ပြီးပြတ်မှု | ၁၁၄၅၁၄ | ၁၁၈၉၁ | ၁၂၆၄၀၅ | ၉၉၉၀၇ | ၁၂၃၃၈ | ၁၁၂၂၄၅ |
| အမှုပြီးပြတ်နှုန်း | ၁၀၅% | ၁၁၉% | ၁၀၆% | ၁၀၀% | ၁၁၇% | ၁၀၂% |




## ၂.၁.၂ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း

၂၀၂၄ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ရာဇဝတ်ဆိုင်ရာ အမှုများနှင့် တရားမဆိုင်ရာ အမှုများ စစ်ဆေးစီရင်ပြီးပြတ်နှုန်းကို ဇယား (၂) တွင် ပြက္ခဒိန်နှစ် အလိုက် ဖော်ပြ ထားပါသည်။

၂၀၂၄ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ စွဲဆိုတင်ပို့သော အမှုပေါင်း ၃၅၆၄ မှုဖြစ်ပြီး၊ ပြီးပြတ်မှုမှာ ၃၃၄၃ မှုဖြစ်ပါသည်။ မှုခင်းအားလုံး၏ ပြီးပြတ်နှုန်းမှာ ၉၄% ဖြစ်ပါသည်။

(ဇယား-၂) ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း (၂၀၂၃-၂၀၂၄)

| | ၂၀၂၃ ခုနှစ် | | | ၂၀၂၄ ခုနှစ် | | |
|---|---|---|---|---|---|---|
| | ရာဇဝတ် | တရားမ | စုစုပေါင်း | ရာဇဝတ် | တရားမ | စုစုပေါင်း |
| စွဲဆိုတင်ပို့မှု | ၁၂၈၉ | ၁၆၈၉ | ၂၉၇၈ | ၁၁၂၄ | ၂၄၄၀ | ၃၅၆၄ |
| ပြီးပြတ်မှု | ၁၂၄၂ | ၁၈၇၃ | ၃၁၁၅ | ၁၀၉၁ | ၂၂၅၂ | ၃၃၄၃ |
| အမှုပြီးပြတ်နှုန်း | ၉၆% | ၁၁၁% | ၁၀၅% | ၉၇% | ၉၂% | ၉၄% |




## ၂.၁.၃ ခရိုင်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများ၏ ရာဇဝတ်ဆိုင်ရာအမှုများနှင့် တရားမဆိုင်ရာ အမှုများ စစ်ဆေးစီရင်ပြီးပြတ်နှုန်းကို ပြက္ခဒိန်နှစ်အလိုက် ဖော်ပြထားပါသည်။

၂၀၂၄ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများသို့ စွဲဆိုတင်ပို့သော အမှုပေါင်း ၈၃၂၇ မှု ဖြစ်ပြီး၊ ပြီးပြတ်မှုမှာ ၁၀၃၁၇ မှုဖြစ်ပါသည်။ မှုခင်းအားလုံး၏ ပြီးပြတ်နှုန်းမှာ ၁၂၄% ဖြစ်ပါသည်။

## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

(ဇယား-၃) ခရိုင်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း (၂၀၂၃-၂၀၂၄)

| | ၂၀၂၃ ခုနှစ် | | | ၂၀၂၄ ခုနှစ် | | |
|---|---|---|---|---|---|---|
| | ရာဇဝတ် | တရားမ | စုစုပေါင်း | ရာဇဝတ် | တရားမ | စုစုပေါင်း |
| စွဲဆိုတင်ပို့မှု | ၄၆၈၁ | ၅၄၇၂ | ၁၀၁၅၃ | ၃၅၇၁ | ၄၇၅၆ | ၈၃၂၇ |
| ပြီးပြတ်မှု | ၅၉၃၉ | ၅၉၉၄ | ၁၁၉၃၃ | ၃၆၆၆ | ၆၆၅၁ | ၁၀၃၁၇ |
| အမှုပြီးပြတ်နှုန်း | ၁၂၇% | ၁၁၀% | ၁၁၈% | ၁၀၃% | ၁၄၀% | ၁၂၄% |




### ၂.၁.၄ မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများ၏ ရာဇဝတ်ဆိုင်ရာအမှုများနှင့် တရားမဆိုင်ရာအမှုများ စစ်ဆေးစီရင်ပြီးပြတ်မှုနှုန်းကို ပြက္ခဒိန်နှစ်အလိုက် ဖော်ပြထားပါသည်။

၂၀၂၄ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများသို့ စွဲဆိုတင်ပို့သော အမှုပေါင်း ၃၅၆၄၅ မှု ဖြစ်ပြီး၊ ပြီးပြတ်မှုမှာ ၃၅၅၃၈ မှုဖြစ်ပါသည်။ မှုခင်းအားလုံး၏ ပြီးပြတ်နှုန်းမှာ ၁၀၀% ဖြစ်ပါသည်။

(ဇယား-၄) မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း (၂၀၂၃-၂၀၂၄)

| | ၂၀၂၃ ခုနှစ် | | | ၂၀၂၄ ခုနှစ် | | |
|---|---|---|---|---|---|---|
| | ရာဇဝတ် | တရားမ | စုစုပေါင်း | ရာဇဝတ် | တရားမ | စုစုပေါင်း |
| စွဲဆိုတင်ပို့မှု | ၃၄၈၃၂ | ၂၈၁၀ | ၃၇၆၄၂ | ၃၂၂၈၈ | ၃၃၅၇ | ၃၅၆၄၅ |
| ပြီးပြတ်မှု | ၃၉၂၆၂ | ၃၅၆၇ | ၄၂၈၂၉ | ၃၂၁၀၃ | ၃၄၃၅ | ၃၅၅၃၈ |
| အမှုပြီးပြတ်နှုန်း | ၁၁၃% | ၁၂၇% | ၁၁၄% | ၉၉% | ၁၀၂% | ၁၀၀% |




## ၂.၁.၅ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အမှုပြီးပြတ်မှုအမြင့်ဆုံးတရားရုံးများ

၂၀၂၄ ခုနှစ်အတွင်း ခရိုင်တရားရုံး (၁၄)ရုံး၌ ရာဇဝတ်မှုများ အမှုပြီးပြတ်မှုနှုန်း အမြင့်ဆုံးမှာ လှည်းကူးခရိုင်တရားရုံးဖြစ်ပြီး၊ တရားမမှုများ အမှုပြီးပြတ်မှုနှုန်း အမြင့်ဆုံးမှာ တွံတေးခရိုင်တရားရုံးဖြစ်ပါသည်။

၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံး (၄၅)ရုံး၌ ရာဇဝတ်မှုများ အမှုပြီးပြတ်မှုနှုန်း အမြင့်ဆုံးမှာ တွံတေးမြို့နယ်တရားရုံးဖြစ်ပြီး၊ တရားမမှုများ အမှုပြီးပြတ်မှုနှုန်း အမြင့်ဆုံးမှာ ဆိပ်ကြီးခနောင်တိုမြို့နယ်တရားရုံးဖြစ်ပါသည်။

## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

| စဉ် | ရုံးအမည် | ရာဇဝတ် | | တရားမ | | အမှုပြီးပြတ်မှုနှုန်း | |
|---|---|---|---|---|---|---|---|
| | | စွဲ | ပြီး | စွဲ | ပြီး | ရာဇဝတ် | တရားမ |
| ၁ | တိုက်ကြီးခရိုင် | ၆၃ | ၆၉ | ၅၇ | ၆၇ | ၁၀၉% | ၁၁၇.၅% |
| ၂ | လှည်းကူးခရိုင် | ၁၀၁ | ၁၂၉ | ၁၂၅ | ၁၅၂ | ၁၂၇% | ၁၂၁% |
| ၃ | မှော်ဘီခရိုင် | ၁၂၄ | ၁၄၄ | ၁၂၉ | ၁၉၅ | ၁၁၆% | ၁၅၁% |
| ၄ | မင်္ဂလာဒုံခရိုင် | ၂၈၂ | ၂၇၅ | ၃၀၃ | ၄၃၁ | ၉၈% | ၁၄၂% |
| ၅ | အင်းစိန်ခရိုင် | ၃၁၁ | ၂၉၄ | ၄၂၇ | ၆၃၄ | ၉၅% | ၁၄၈% |
| ၆ | သဃ်န်းကျွန်းခရိုင် | ၅၃၇ | ၅၃၀ | ၇၂၃ | ၁၀၈၀ | ၉၉% | ၁၄၉% |
| ၇ | ဗိုလ်တထောင်ခရိုင် | ၄၂၅ | ၄၆၅ | ၃၇၇ | ၆၀၃ | ၁၀၉% | ၁၆၀% |
| ၈ | ဒဂုံမြို့သစ်ခရိုင် | ၂၉၉ | ၃၀၂ | ၅၀၁ | ၆၅၅ | ၆၈% | ၁၃၁% |
| ၉ | သန်လျင်ခရိုင် | ၂၂၂ | ၂၁၆ | ၂၁၀ | ၃၅၀ | ၉၇% | ၁၆၇% |
| ၁၀ | တွံတေးခရိုင် | ၁၈၆ | ၁၉၂ | ၁၄၂ | ၂၄၃ | ၁၀၃% | ၁၇၁% |
| ၁၁ | ကျောက်တံတားခရိုင် | ၁၉၆ | ၁၈၂ | ၄၆၂ | ၅၀၁ | ၉၃% | ၁၀၈% |
| ၁၂ | အလုံခရိုင် | ၂၀၈ | ၂၂၂ | ၂၈၉ | ၃၅၉ | ၁၀၇% | ၁၂၄% |
| ၁၃ | မရမ်းကုန်းခရိုင် | ၃၉၅ | ၄၁၉ | ၆၈၂ | ၉၇၄ | ၁၀၆% | ၁၄၃% |
| ၁၄ | ကမာရွတ်ခရိုင် | ၂၂၂ | ၂၂၇ | ၃၂၉ | ၄၀၇ | ၁၀၂% | ၁၂၄% |
| | **စုစုပေါင်း** | **၃၅၇၁** | **၃၆၆၆** | **၄၇၅၆** | **၆၆၅၁** | **၁၀၃%** | ၁၄၀% |

| စဉ် | ရုံးအမည် | ရာဇဝတ် | | တရားမ | | အမှုပြီးပြတ်မှုနှုန်း | |
|---|---|---|---|---|---|---|---|
| | | စွဲ | ပြီး | စွဲ | ပြီး | ရာဇဝတ် | တရားမ |
| ၁ | တိုက်ကြီးမြို့နယ် | ၅၅၀ | ၄၇၅ | ၁၇၂ | ၁၃၃ | ၈၆% | ၇၇% |
| ၂ | လှည်းကူးမြို့နယ် | ၅၈၉၃ | ၅၉၃၀ | ၁၅၃ | ၁၅၃ | ၁၀၁% | ၁၀၀% |
| ၃ | မှော်ဘီမြို့နယ် | ၆၇၆ | ၅၈၄ | ၄၅ | ၅၈ | ၈၆% | ၁၂၉% |
| ၄ | ထန်းတပင်မြို့နယ် | ၂၅၄ | ၂၅၀ | ၈၄ | ၇၆ | ၉၈% | ၉၀% |
| ၅ | မင်္ဂလာဒုံမြို့နယ် | ၈၀၇ | ၇၃၄ | ၁၁၀ | ၁၃၈ | ၉၁% | ၁၂၅% |
| ၆ | ရွှေပြည်သာမြို့နယ် | ၉၃၉ | ၉၂၄ | ၁၃၄ | ၁၁၇ | ၉၈% | ၈၇% |
| ၇ | အင်းစိန်မြို့နယ် | ၁၄၅၀ | ၁၄၁၄ | ၁၁၁ | ၁၀၃ | ၉၈% | ၉၃% |
| ၈ | လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် | ၁၉၁၉ | ၁၈၆၃ | ၅၄ | ၆၅ | ၉၇% | ၁၂၀% |
| ၉ | လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် | ၂၈၂၇ | ၂၈၉၆ | ၆၉ | ၄၇ | ၁၀၂% | ၆၈% |
| ၁၀ | သဃ်န်းကျွန်းမြို့နယ် | ၉၂၅ | ၈၄၀ | ၇၃ | ၆၃ | ၉၁% | ၈၆% |
| ၁၁ | တောင်ဥက္ကလာပ မြို့နယ် | ၆၄၇ | ၆၁၂ | ၁၅၂ | ၁၄၂ | ၉၅% | ၉၃% |

| စဉ် | ရုံးအမည် | ရာဇဝတ် | | တရားမ | | အမှုပြီးပြတ်မှုနှုန်း | |
|---|---|---|---|---|---|---|---|
| | | စွဲ | ပြီး | စွဲ | ပြီး | ရာဇဝတ် | တရားမ |
| ၁၂ | ရန်ကင်းမြို့နယ် | ၃၀၈ | ၂၇၅ | ၂၉ | ၂၃ | ၈၉% | ၇၉% |
| ၁၃ | တာမွေမြို့နယ် | ၅၁၇ | ၄၇၂ | ၃၆ | ၃၉ | ၉၁% | ၁၀၈% |
| ၁၄ | မိုလ်တထောင်မြို့နယ် | ၅၅၈ | ၅၃၈ | ၃၉ | ၅၃ | ၉၆% | ၁၃၆% |
| ၁၅ | ဒေါပုံမြို့နယ် | ၉၅၇ | ၉၆၇ | ၃၄ | ၂၂ | ၁၀၁% | ၆၅% |
| ၁၆ | မင်္ဂလာတောင်ညွန့်မြို့နယ် | ၁၀၅၁ | ၁၀၁၇ | ၁၉ | ၁၆ | ၉၇% | ၈၄% |
| ၁၇ | ပုဇွန်တောင်မြို့နယ် | ၃၉၃ | ၃၆၈ | ၁၀ | ၇ | ၉၄% | ၇၀% |
| ၁၈ | သာကေတမြို့နယ် | ၁၀၅၉ | ၁၀၄၈ | ၂၄၁ | ၁၆၄ | ၉၉% | ၆၈% |
| ၁၉ | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် | ၁၁၆၅ | ၁၁၂၆ | ၁၀၃ | ၁၁၁ | ၉၇% | ၁၀၈% |
| ၂၀ | ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် | ၇၉၀ | ၇၁၈ | ၃၅၉ | ၃၂၄ | ၉၁% | ၉၀% |
| ၂၁ | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် | ၅၅၈ | ၇၄၈ | ၈၈ | ၉၁ | ၁၃၄% | ၁၀၃% |
| ၂၂ | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် | ၇၉၁ | ၇၁၅ | ၂၉ | ၂၄ | ၉၀% | ၈၃% |
| ၂၃ | သန်လျင်မြို့နယ် | ၆၂၁ | ၆၁၆ | ၃၁၇ | ၃၂၅ | ၉၉% | ၁၀၂% |
| ၂၄ | ကျောက်တန်းမြို့နယ် | ၁၆၀ | ၁၆၀ | ၄၆ | ၄၈ | ၁၀၀% | ၁၀၄% |
| ၂၅ | သုံးခွမြို့နယ် | ၂၆၇ | ၃၁၂ | ၉၄ | ၇၁ | ၁၁၇% | ၇၅% |
| ၂၆ | ခရမ်းမြို့နယ် | ၂၉၃ | ၂၆၈ | ၁၀၄ | ၁၈၂ | ၉၁% | ၁၇၅% |
| ၂၇ | ကိုကိုးကျွန်းမြို့နယ် | - | - | - | - | - | - |
| ၂၈ | တွံတေးမြို့နယ် | ၅၄၆ | ၇၆၂ | ၄၅ | ၆၄ | ၁၄၀% | ၁၄၂% |
| ၂၉ | ဆိပ်ကြီးခနောင်တိုမြို့နယ် | ၁၁၁ | ၁၁၇ | ၉ | ၂၈ | ၁၀၅% | ၃၁၁% |
| ၃၀ | ဒလမြို့နယ် | ၂၄၅ | ၂၆၂ | ၄၅ | ၆၉ | ၁၀၇% | ၁၅၃% |
| ၃၁ | ကော့မှူးမြို့နယ် | ၁၇၁ | ၁၂၅ | ၇၅ | ၉၃ | ၇၃% | ၁၂၄% |
| ၃၂ | ကွမ်းခြံကုန်းမြို့နယ်တရားရုံး | ၁၁၀ | ၁၁၈ | ၄၀ | ၄၀ | ၁၀၇% | ၁၀၀% |
| ၃၃ | ကျောက်တံတားမြို့နယ်တရားရုံး | ၁၉၁ | ၁၆၀ | ၁၁ | ၈ | ၈၄% | ၇၃% |
| ၃၄ | ပန်းဘဲတန်းမြို့နယ်တရားရုံး | ၁၆၈ | ၁၆၃ | ၁၁ | ၁၁ | ၉၇% | ၁၀၀% |
| ၃၅ | လသာမြို့နယ်တရားရုံး | ၁၀၄ | ၈၈ | ၈ | ၈ | ၈၅% | ၁၀၀% |
| ၃၆ | လမ်းမတော်မြို့နယ်တရားရုံး | ၁၆၁ | ၁၃၇ | ၈ | ၁၂ | ၈၅% | ၁၅၀% |
| ၃၇ | ဒဂုံမြို့နယ်တရားရုံး | ၁၁၁ | ၁၁၉ | ၁၂ | ၈ | ၁၀၇% | ၆၇% |
| ၃၈ | အလုံမြို့နယ်တရားရုံး | ၃၂၉ | ၃၂၁ | ၈ | ၆ | ၉၈% | ၇၅% |
| ၃၉ | ကြည့်မြင်တိုင်မြို့နယ်တရားရုံး | ၅၂၉ | ၅၄၇ | ၂၅ | ၂၅ | ၁၀၃% | ၁၀၀% |
| ၄၀ | စမ်းချောင်းမြို့နယ်တရားရုံး | ၅၆၃ | ၅၇၆ | ၃၂ | ၂၄ | ၁၀၂% | ၇၅% |
| ၄၁ | မရမ်းကုန်းမြို့နယ်တရားရုံး | ၆၀၅ | ၇၁၈ | ၈၂ | ၁၂၈ | ၁၁၉% | ၂၆၆% |

## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

| စဉ် | ရုံးအမည် | ရာဇဝတ် | | တရားမ | | အမှုပြီးပြတ်မှုနှုန်း | |
|---|---|---|---|---|---|---|---|
| | | စွဲ | ပြီး | စွဲ | ပြီး | ရာဇဝတ် | တရားမ |
| ၄၂ | လှိုင်မြို့နယ်တရားရုံး | ၄၆၄ | ၄၈၆ | ၃၁ | ၄၀ | ၁၀၅% | ၁၂၉% |
| ၄၃ | မြောက်ဥက္ကလာပမြို့နယ်တရားရုံး | ၈၁၇ | ၈၇၇ | ၁၄၉ | ၂၂၂ | ၁၀၇% | ၁၄၉% |
| ၄၄ | ကမာရွတ်မြို့နယ်တရားရုံး | ၃၁၃ | ၂၉၉ | ၂၉ | ၂၅ | ၉၆% | ၈၆% |
| ၄၅ | ဗဟန်းမြို့နယ်တရားရုံး | ၃၇၅ | ၃၅၈ | ၃၂ | ၂၉ | ၉၅% | ၉၁% |
| | စုစုပေါင်း | ၃၂၂၈၈ | ၃၂၁၀၃ | ၃၃၅၇ | ၃၄၃၅ | ၉၉% | ၁၀၂.၃% |

### ၂.၁.၆ ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း

အခြားတရားရုံးများဖြစ်သည့် မော်တော်ယာဉ်တရားရုံးများ၊ စည်ပင်သာယာတရားရုံးများ၊ ကလေးသူငယ်တရားရုံးများ၏ စစ်ဆေးစီရင်ပြီးပြတ်နှုန်းကို ပြက္ခဒိန်နှစ်အလိုက် ဖော်ပြထားပါသည်။

အဆိုပါ မော်တော်ယာဉ်တရားရုံးများနှင့် စည်ပင်သာယာတရားရုံးများသည် စွဲဆိုသောအမှုများကို ၁၀၀% စစ်ဆေးပြီးပြတ်ပါသည်။

(ဇယား-၅) ကလေးသူငယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း (၂၀၂၃-၂၀၂၄)

| | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် | စုစုပေါင်း |
|---|---|---|---|
| စွဲဆိုတင်ပို့မှု | ၁၉၇ | ၁၇၄ | ၃၇၁ |
| ပြီးပြတ်မှု | ၂၁၁ | ၁၇၆ | ၃၈၇ |
| အမှုပြီးပြတ်နှုန်း | ၁၀၇% | ၁၀၁% | ၁၀၄% |



(ဇယား-၆) မော်တော်ယာဉ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း (၂၀၂၃-၂၀၂၄)

| | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် | စုစုပေါင်း |
|---|---|---|---|
| စွဲဆိုတင်ပို့မှု | ၆၆၄၅၄ | ၆၀၉၆၄ | ၁၂၇၄၁၈ |
| ပြီးပြတ်မှု | ၆၆၄၅၄ | ၆၀၉၆၄ | ၁၂၇၄၁၈ |
| အမှုပြီးပြတ်နှုန်း | ၁၀၀% | ၁၀၀% | ၁၀၀% |




(ဇယား-၇) စည်ပင်သာယာတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း (၂၀၂၃-၂၀၂၄)

| | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် | စုစုပေါင်း |
|---|---|---|---|
| စွဲဆိုတင်ပို့မှု | ၁၄၃၁ | ၁၈၈၁ | ၃၃၁၂ |
| ပြီးပြတ်မှု | ၁၄၀၆ | ၁၉၀၇ | ၃၃၁၃ |
| အမှုပြီးပြတ်နှုန်း | ၉၈% | ၁၀၁% | ၁၀၀% |



## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

### ၂.၂ ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်း

ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်းသည် တရားရုံး၏အချိန်နှင့်တပြေးညီ စစ်ဆေးစီရင်နိုင်မှုစွမ်းရည်ကို တိုင်းတာရန် ပြက္ခဒိန်နှစ်အတွင်း တရားရုံးကဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်နှင့် ကြာမြင့်သည့်ကာလအလိုက် အမှုအရေအတွက်တို့၏အချိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ တစ်နှစ်အထက်ကြာမြင့်သည့် ရာဇဝတ်မှုနှင့် သုံးနှစ်အထက်ကြာမြင့်သည့် တရားမမှုတို့ကို ကြန့်ကြာမှုခင်းအဖြစ် သတ်မှတ်ထားပါသည်။

### ၂.၂.၁ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သည် ရာဇဝတ်နှင့် တရားမဆိုင်ရာ မူလမှု၊ အယူခံမှုနှင့် ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှုများကို စစ်ဆေးစီရင်ပါသည်။ (ဇယား-၈) တွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများ သက်တမ်းကို ဖော်ပြထားပါသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများသက်တမ်းသည် (၃)လအောက် ၄၈% ၊ (၃)လမှ(၆)လအတွင်း ၁၄%၊ (၆)လမှ(၁၂)လအတွင်း ၂၄% နှင့် (၁၂)လအထက် ၁၄%ဖြစ်ပါသည်။ အသေးစိတ်ကို (ဇယား-၈)တွင် ဖော်ပြထားပါသည်။ (ဇယား-၈) အရ ၃ လ အတွင်း စစ်ဆေးဆုံးဖြတ်ပြီးသည့် ရာဇဝတ်မှုများသည် ယခင်နှစ် ၅၇% မှ ယခုနှစ် ၄၈% သို့ လျော့နည်းခဲ့ပြီး ၁၂ လ အထက်ကြာမြင့်သည့် ဆုံးဖြတ်ပြီး အမှုများမှာလည်း ယခင်နှစ် ၁၅% မှ ယခုနှစ် ၁၄% သို့ လျော့နည်းခဲ့ပါသည်။

**(ဇယား-၈) ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများ၏သက်တမ်း (၂၀၂၃-၂၀၂၄)**

| | ၂၀၂၃ ခုနှစ် | | ၂၀၂၄ ခုနှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၃ လအောက် | ၇၀၈ | ၅၇% | ၅၂၁ | ၄၈% |
| ၃ - ၆ လ | ၁၇၀ | ၁၄% | ၁၅၀ | ၁၄% |
| ၆ - ၁၂ လ | ၁၈၀ | ၁၄% | ၂၆၅ | ၂၄% |
| ၁၂လအထက် | ၁၈၄ | ၁၅% | ၁၅၅ | ၁၄% |
| စုစုပေါင်း | ၁၂၄၂ | ၁၀၀% | ၁၀၉၁ | ၁၀၀% |







(ဇယား-၉)တွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ဆုံးဖြတ်ပြီး တရားမမှုများ သက်တမ်းကို ဖော်ပြထားပါသည်။ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ဆုံးဖြတ်ပြီး တရားမမှုများ သက်တမ်းသည် (၃)လအောက် ၂၆% ၊ (၃)လမှ(၆)လအတွင်း ၁၁%၊ (၆) လ မှ(၁၂)လ အတွင်း ၂၃% နှင့် (၁၂)လမှ (၃၆)လအတွင်း ၃၁%၊ (၃၆)လအထက် ၉% ဖြစ်ပါသည်။

**(ဇယား-၉) ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ဆုံးဖြတ်ပြီးတရားမမှုများသက်တမ်း (၂၀၂၃-၂၀၂၄)**

| | ၂၀၂၃ ခုနှစ် | | ၂၀၂၄ ခုနှစ် | |
|---|---|---|---|---|
| | **အမှုအရေအတွက်** | **ရာခိုင်နှုန်း** | **အမှုအရေအတွက်** | **ရာခိုင်နှုန်း** |
| **၃ လ အောက်** | ၂၀၃ | ၁၁% | ၅၈၁ | ၂၆% |
| **၃ - ၆ လ** | ၆၃ | ၃% | ၂၅၈ | ၁၁% |
| **၆ - ၁၂ လ** | ၃၃၁ | ၁၈% | ၅၁၉ | ၂၃% |
| **၁၂ - ၃၆လ** | ၈၁၀ | ၄၃% | ၆၈၉ | ၃၁% |
| **၃၆ လအထက်** | ၄၆၆ | ၂၅% | ၂၀၅ | ၉% |
| **စုစုပေါင်း** | ၁၈၇၃ | ၁၀၀% | ၂၂၅၂ | ၁၀၀% |







### ၂.၂.၂ ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း

ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများသက်တမ်းကို (ဇယား-၁၀)တွင် ဖော်ပြထားပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံး(၁၄)ရုံး၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများသက်တမ်းသည် (၃)လအောက် ၆၅% ၊ (၃)လမှ(၆)လအတွင်း ၂၁%၊ (၆)လမှ(၁၂)လအတွင်း ၁၁% နှင့် (၁၂)လအထက် ၃% ဖြစ်ပါသည်။ (ဇယား-၁၀) အရ (၃)လအောက် ကြန့်ကြာသည့် ဆုံးဖြတ်ပြီးရာဇဝတ်မှုများသည် ယခင်နှစ် ၄၁% မှ ယခုနှစ် ၆၅% ထိ မြင့်တက်ခဲ့သော်လည်း (၁၂)လအထက်ကြန့်ကြာသည့် ဆုံးဖြတ်ပြီးရာဇဝတ်မှုများမှာ ယခင်နှစ် ၁၀% မှ ယခုနှစ် ၃% သို့ လျော့နည်းခဲ့ပါသည်။

**(ဇယား-၁၀) ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများသက်တမ်း (၂၀၂၃-၂၀၂၄)**

| | ၂၀၂၃ ခုနှစ် | | ၂၀၂၄ ခုနှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၃-လအောက် | ၂၄၀၃ | ၄၁% | ၂၃၉၈ | ၆၅% |
| ၃- ၆ လ | ၁၆၁၃ | ၂၇% | ၇၈၁ | ၂၁% |
| ၆- ၁၂ လ | ၁၃၂၄ | ၂၂% | ၃၈၆ | ၁၁% |
| ၁၂-လအထက် | ၅၉၉ | ၁၀% | ၁၀၁ | ၃% |
| စုစုပေါင်း | ၅၉၃၉ | ၁၀၀% | ၃၆၆၆ | ၁၀၀% |







ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံး(၁၄)ရုံး၏ ဆုံးဖြတ်ပြီး တရားမမှုများ၏ သက်တမ်းကို (ဇယား-၁၁)တွင် ဖော်ပြထားပါသည်။ (ဇယား -၁၁) အရ ဆုံးဖြတ်ပြီးတရားမမှုများ သက်တမ်းသည် (၃) လအောက် ၄%၊ (၃) လမှ (၆) လအတွင်း ၃၇%၊ (၆) လ မှ (၁၂) လ အတွင်း ၂၁% နှင့် (၁၂) လ မှ (၃၆) လ ၂၀%၊ (၃၆) လအထက် ၁၈% ဖြစ်ပါသည်။ (ဇယား-၁၁) အရ (၃၆)လ အထက်ကြန့်ကြာသည့် ဆုံးဖြတ်ပြီးတရားမမှုများမှာ ယခင်နှစ် ၃၄% မှ ယခုနှစ် ၁၈% သို့ လျော့နည်းခဲ့ပါသည်။

(ဇယား-၁၁) ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီးတရားမမှုများသက်တမ်း (၂၀၂၃-၂၀၂၄)

| | ၂၀၂၃ ခုနှစ် | | ၂၀၂၄ ခုနှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၃ လ အောက် | - | - | ၂၆၈ | ၄% |
| ၃ - ၆ လ | ၁၂၂၅ | ၂၁% | ၂၄၆၅ | ၃၇% |
| ၆ - ၁၂ လ | ၁၂၉၁ | ၂၂% | ၁၃၅၇ | ၂၁% |
| ၁၂ - ၃၆လ | ၁၄၀၅ | ၂၃% | ၁၃၃၂ | ၂၀% |
| ၃၆ လအထက် | ၂၀၇၃ | ၃၄% | ၁၂၂၉ | ၁၈% |
| စုစုပေါင်း | ၅၉၉၄ | ၁၀၀% | ၆၆၅၁ | ၁၀၀% |

## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ







### ၂.၂.၃ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း

မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်းကို (ဇယား-၁၂) တွင် ဖော်ပြထားပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံး(၄၅)ရုံး၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်းသည် နေ့ချင်းပြီး ၅၅% ၊ (၃)လအောက် ၂၁% ၊ (၃)လမှ (၆)လအတွင်း ၉%၊ (၆)လမှ (၁၂)လ အတွင်း ၈% ၊ (၁၂)လ အထက် ၇% ဖြစ်ပါသည်။ (ဇယား-၁၂) အရ နေ့ချင်းပြီး စစ်ဆေးနိုင်သည့် ရာဇဝတ်မှု စွဲဆိုမှုအရေအတွက်သည် ယခင်နှစ်ထက် ၁၀၆၄ မှု လျော့နည်းခဲ့ပြီး (၁၂) လ အထက်ကြာမြင့်သည့် ရာဇဝတ်မှုများသည် ယခင်နှစ် ၁၄% မှ ယခုနှစ် ၇% သို့ လျော့နည်းခဲ့ပါသည်။

(ဇယား-၁၂) မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများ၏သက်တမ်း (၂၀၂၃-၂၀၂၄)

| | ၂၀၂၃ ခုနှစ် | | ၂၀၂၄ ခုနှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| နေ့ချင်း | ၁၈၈၅၆ | ၄၈% | ၁၇၇၉၂ | ၅၅% |
| ၃ လအောက် | ၈၄၂၇ | ၂၁% | ၆၇၆၉ | ၂၁% |
| ၃ - ၆ လ | ၃၁၁၁ | ၈% | ၂၉၃၆ | ၉% |
| ၆ - ၁၂ လ | ၃၃၇၅ | ၉% | ၂၄၇၀ | ၈% |
| ၁၂လအထက် | ၅၄၉၃ | ၁၄% | ၂၁၃၆ | ၇% |
| စုစုပေါင်း | ၃၉၂၆၂ | ၁၀၀% | ၃၂၁၀၃ | ၁၀၀% |







မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်းကို (ဇယား-၁၃) တွင် ဖော်ပြထားပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံး(၄၅)ရုံး၏ ဆုံးဖြတ်ပြီး တရားမမှုများ သက်တမ်းသည် (၃)လမှ (၆)လအတွင်း ၅၁%၊ (၆)လမှ(၁၂)လအတွင်း ၁၉% နှင့် (၁၂)လမှ(၃၆)လအတွင်း ၂၁% နှင့် (၃၆)လအထက် ၉% ဖြစ်ပါသည်။ (ဇယား-၁၃)အရ (၃)လမှ (၆)လအတွင်းကြာမြင့်သည့် ဆုံးဖြတ်ပြီးတရားမမှုများသည် ယခင်နှစ် ၃၉% မှ ယခုနှစ် ၅၁% ထိ မြင့်တက်ခဲ့ပြီး (၃၆) လ အထက် ကြာမြင့်သည့် တရားမမှုများ၏ ပြီးပြတ်နှုန်းသည် ယခင်နှစ် ၁၈% မှ ယခုနှစ် ၉% သို့ လျော့နည်းခဲ့ပါသည်။

**(ဇယား-၁၃) မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးတရားမမှုများသက်တမ်း (၂၀၂၃-၂၀၂၄)**

| | ၂၀၂၃ ခုနှစ် | | ၂၀၂၄ ခုနှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၃ လ အောက် | - | - | - | - |
| ၃ - ၆ လ | ၁၄၁၂ | ၃၉% | ၁၇၅၉ | ၅၁% |
| ၆ - ၁၂ လ | ၈၅၂ | ၂၅% | ၆၃၉ | ၁၉% |
| ၁၂ - ၃၆လ | ၆၆၃ | ၁၈% | ၇၁၈ | ၂၁% |
| ၃၆ လအထက် | ၆၄၀ | ၁၈% | ၃၁၉ | ၉% |
| စုစုပေါင်း | ၃၅၆၇ | ၁၀၀% | ၃၄၃၅ | ၁၀၀% |







## ၂.၃ စစ်ဆေးဆဲအမှုများသက်တမ်း

စစ်ဆေးဆဲအမှုများ၏သက်တမ်းသည် တရားရုံးများ၏ အမှုဟောင်းနှင့် ကြန့်ကြာမှုခင်းများကို စောင့်ကြပ်ရန် ပြက္ခဒိန်နှစ်ကုန်ဆုံးချိန်တွင် စစ်ဆေးဆဲအမှုအရေအတွက်နှင့် ကြာမြင့်သည့် ကာလအလိုက် အမှုအရေအတွက်တို့၏ အချိုးအစားတို့ကို တွက်ချက်ခြင်းဖြစ်ပါသည်။ (၁၂)လအထက် ကြာမြင့်သည့် ရာဇဝတ်မှုနှင့် (၃၆)အထက်ကြာမြင့်သည့် တရားမမှုတို့ကို ကြန့်ကြာမှုခင်းအဖြစ် သတ်မှတ်ထားပါသည်။

### ၂.၃.၁ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စစ်ဆေးဆဲအမှုများသက်တမ်း

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ရှိ စစ်ဆေးဆဲအမှုများ၏ သက်တမ်းကို ဇယား-၁၄ ၊ ၁၅ တို့တွင် ဖော်ပြထားပါသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စစ်ဆေးဆဲရာဇဝတ်မှုများ၏ သက်တမ်းသည် (၃)လအောက် ၂၁% ၊ (၃) လ မှ (၆)လအတွင်း ၂၁% ၊ (၆)လမှ (၁၂)လအတွင်း ၂၀% ၊ (၁၂)လအထက် ၃၈% ဖြစ်ပါသည်။ အသေးစိတ်ကို ဇယား - ၁၄ တွင် ဖော်ပြထားပါသည်။ ဇယား-၁၄ အရ (၃)လအောက်ကြာမြင့်သည့် စစ်ဆေးဆဲအမှုသည် ယခင်နှစ် ၃၉% မှ ယခုနှစ် ၂၁% သို့ လျော့နည်းလာခဲ့ပါသည်။ (၁၂)လအထက် စစ်ဆေးဆဲမှာ ယခင်နှစ် ၁၂% မှ ယခုနှစ် တွင် ၃၈% ထိ တိုးမြင့်ခဲ့ပါသည်။

(ဇယား-၁၄) ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ရှိ စစ်ဆေးဆဲရာဇဝတ်မှုများသက်တမ်း
(၂၀၂၃-၂၀၂၄)

| | ၂၀၂၃ ခုနှစ် | | ၂၀၂၄ ခုနှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၃ လအောက် | ၁၈၀ | ၄၉% | ၈၄ | ၂၁% |
| ၃ - ၆ လ | ၆၁ | ၁၆% | ၈၃ | ၂၁% |
| ၆ - ၁၂ လ | ၈၄ | ၂၃% | ၈၃ | ၂၀% |
| ၁၂လအထက် | ၄၆ | ၁၂% | ၁၅၄ | ၃၈% |
| စုစုပေါင်း | ၃၇၁ | ၁၀၀% | ၄၀၄ | ၁၀၀% |







ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စစ်ဆေးဆဲတရားမမှုများ၏ သက်တမ်းသည် (၃)လအောက် ၁၆% ၊ (၃) လ မှ (၆)လအတွင်း ၂၆% ၊ (၆)လမှ (၁၂)လအတွင်း ၃၈% ၊ (၁၂)လမှ (၃၆)လအတွင်း ၁၇% နှင့် (၃၆)လအထက်မှာ ၃% ဖြစ်ပါသည်။ အသေးစိတ်ကို ဇယား - ၁၅ တွင် ဖော်ပြထားပါသည်။ ဇယား-၁၅ အရ (၃)လအောက်ကြာမြင့်သည့် စစ်ဆေးဆဲအမှုသည် ယခင်နှစ် ၂၄% မှ ယခုနှစ် ၁၆% သို့ လျော့နည်းခဲ့ပြီး (၃၆)လအထက် ကြာမြင့်သည့် စစ်ဆေးဆဲအမှုသည် ယခင်နှစ် ၉% မှ ယခုနှစ်တွင် ၃% သို့ လျော့နည်းခဲ့ပါသည်။

(ဇယား-၁၅) ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ရှိ စစ်ဆေးဆဲ တရားမမှုများသက်တမ်း (၂၀၂၃-၂၀၂၄)

| | ၂၀၂၃ ခုနှစ် | | ၂၀၂၄ ခုနှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၃ လ အောက် | ၄၆၇ | ၂၄% | ၃၅၃ | ၁၆% |
| ၃ - ၆ လ | ၅၂၂ | ၂၆% | ၅၅၇ | ၂၆% |
| ၆ - ၁၂ လ | ၅၂၀ | ၂၆% | ၈၁၅ | ၃၈% |
| ၁၂ - ၃၆လ | ၃၀၄ | ၁၅% | ၃၇၃ | ၁၇% |
| ၃၆ လအထက် | ၁၇၁ | ၉% | ၇၄ | ၃% |
| စုစုပေါင်း | ၁၉၈၄ | ၁၀၀% | ၂၁၇၂ | ၁၀၀% |







## ၂.၃.၂ ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲအမှုများသက်တမ်း

ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲအမှုများ၏ သက်တမ်းကို ဇယား - ၁၆ ၊ ၁၇ တို့တွင် ဖော်ပြထားပါသည်။ ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲရာဇဝတ်မှုများ၏ သက်တမ်းသည် (၃)လအောက် ၆၆% ၊ (၃) လ မှ (၆)လအတွင်း ၁၉% ၊ (၆)လမှ (၁၂)လအတွင်း ၁၁% ၊ (၁၂)လအထက် ၄% ဖြစ်ပါသည်။ အသေးစိတ်ကို ဇယား - ၁၆ တွင် ဖော်ပြထားပါသည်။ ဇယား-၁၆ အရ (၃)လအောက် စစ်ဆေးဆဲရာဇဝတ်မှုသည် ယခင်နှစ် ၆၃% မှ ယခုနှစ် ၆၆% သို့ တိုးမြင့်ခဲ့ပါသည်။

(ဇယား-၁၆) ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲရာဇဝတ်မှုများသက်တမ်း (၂၀၂၃-၂၀၂၄)

| | ၂၀၂၃ ခုနှစ် | | ၂၀၂၄ ခုနှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၃ လအောက် | ၄၈၆ | ၆၃% | ၄၄၉ | ၆၆% |
| ၃ - ၆ လ | ၁၇၈ | ၂၃% | ၁၃၃ | ၁၉% |
| ၆ - ၁၂ လ | ၈၀ | ၁၀% | ၇၄ | ၁၁% |
| ၁၂လအထက် | ၃၀ | ၄% | ၂၃ | ၄% |
| စုစုပေါင်း | ၇၇၄ | ၁၀၀% | ၆၇၉ | ၁၀၀% |







ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲ တရားမမှုများ၏ သက်တမ်းသည် (၃)လအောက် ၁%၊ (၃) လ မှ (၆)လအတွင်း ၃၂%၊ (၆)လမှ (၁၂)လအတွင်း ၁၉%၊ (၁၂)လမှ (၃၆)လအတွင်း ၂၆% နှင့် (၃၆)လအထက်မှာ ၂၂% ဖြစ်ပါသည်။ အသေးစိတ်ကို ဇယား - ၁၇ တွင် ဖော်ပြထားပါသည်။ ဇယား-၁၇ အရ (၃၆)လအထက် ကြာမြင့်သည့် စစ်ဆေးဆဲအမှုသည် ယခင်နှစ် ၂၉% မှ ယခုနှစ်တွင် ၂၂% သို့ လျော့နည်းခဲ့ပါသည်။

## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

(ဇယား-၁၇) ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲ တရားမမှုများသက်တမ်း (၂၀၂၃-၂၀၂၄)

| | ၂၀၂၃ ခုနှစ် | | ၂၀၂၄ ခုနှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၃ လ အောက် | ၅၁ | ၁% | ၄၀ | ၁% |
| ၃ - ၆ လ | ၁၅၈၅ | ၂၂% | ၁၇၀၉ | ၃၂% |
| ၆ - ၁၂ လ | ၁၇၃၅ | ၂၄% | ၉၈၆ | ၁၉% |
| ၁၂ - ၃၆လ | ၁၇၃၉ | ၂၄% | ၁၄၀၇ | ၂၆% |
| ၃၆ လအထက် | ၂၀၉၄ | ၂၉% | ၁၁၆၇ | ၂၂% |
| စုစုပေါင်း | ၇၂၀၄ | ၁၀၀% | ၅၃၀၉ | ၁၀၀% |







### ၂.၃.၃ မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲအမှုများသက်တမ်း

မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲအမှုများ၏ သက်တမ်းကို ဇယား - ၁၈ ၊ ၁၉ တို့တွင် ဖော်ပြထားပါသည်။ မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲ ရာဇဝတ်မှုများ၏ သက်တမ်းသည် (၃)လ အောက် ၃၈% ၊ (၃) လ မှ (၆)လအတွင်း ၂၀% ၊ (၆)လမှ (၁၂)လအတွင်း ၂၁% ၊ (၁၂)လအထက် ၂၁% ဖြစ်ပါသည်။ အသေးစိတ်ကို ဇယား - ၁၈ တွင် ဖော်ပြထားပါသည်။ ဇယား-၁၈ အရ (၃)လအောက်စစ်ဆေးဆဲ ရာဇဝတ်မှုသည် ယခင်နှစ် ၃၄% မှ ယခုနှစ် ၃၈% သို့ တိုးမြင့်ခဲ့ပြီး (၁၂)လအထက် စစ်ဆေးဆဲကြာမြင့်သည့် အမှုများတွင် ယခင်နှစ် ၂၆% မှ ယခုနှစ်တွင် ၂၁% သို့ လျော့နည်းခဲ့ပါသည်။

(ဇယား-၁၈) မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲရာဇဝတ်မှုများသက်တမ်း (၂၀၂၃-၂၀၂၄)

| | ၂၀၂၃ ခုနှစ် | | ၂၀၂၄ ခုနှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၃ လအောက် | ၂၃၆၈ | ၃၄% | ၂၇၀၈ | ၃၈% |
| ၃ - ၆ လ | ၁၄၃၇ | ၂၀% | ၁၄၁၇ | ၂၀% |
| ၆ - ၁၂ လ | ၁၄၀၄ | ၂၀% | ၁၅၁၉ | ၂၁% |
| ၁၂လအထက် | ၁၇၈၈ | ၂၆% | ၁၅၃၈ | ၂၁% |
| စုစုပေါင်း | ၆၉၉၇ | ၁၀၀% | ၇၁၈၂ | ၁၀၀% |







မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲ တရားမမှုများ၏ သက်တမ်းသည် (၃) လ မှ (၆)လ အတွင်း ၅၀% ၊ (၆)လမှ (၁၂)လအတွင်း ၂၁% ၊ (၁၂)လမှ (၃၆)လအတွင်း ၂၀% နှင့် (၃၆)လ အထက်မှာ ၉% ဖြစ်ပါသည်။ အသေးစိတ်ကို ဇယား - ၁၉ တွင် ဖော်ပြထားပါသည်။ ဇယား-၁၉ အရ (၃၆)လအထက် ကြာမြင့်သည့် စစ်ဆေးဆဲအမှုသည် ယခင်နှစ် ၁၇% မှ ယခုနှစ်တွင် ၉% သို့ လျော့နည်းခဲ့ပါသည်။

(ဇယား-၁၉) မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲ တရားမမှုများသက်တမ်း (၂၀၂၃-၂၀၂၄)

| | ၂၀၂၃ ခုနှစ် | | ၂၀၂၄ ခုနှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၃ လ အောက် | - | - | - | - |
| ၃ - ၆ လ | ၇၉၆ | ၃၂% | ၁၂၀၆ | ၅၀% |
| ၆ - ၁၂ လ | ၄၉၄ | ၂၀% | ၄၉၃ | ၂၁% |
| ၁၂ - ၃၆လ | ၇၆၆ | ၃၁% | ၄၈၃ | ၂၀% |
| ၃၆ လအထက် | ၄၀၉ | ၁၇% | ၂၀၅ | ၉% |
| စုစုပေါင်း | ၂၄၆၅ | ၁၀၀% | ၂၃၈၇ | ၁၀၀% |







## ၂.၄ အယူခံတက်ရောက်မှုနှုန်း

အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အတွင်း တရားရုံးများ၏ အပြီးသတ်ဆုံးဖြတ်ချက်အပေါ် အမှုသည်များ၏ကျေနပ်မှုကိုတိုင်းတာရန် ဖော်ပြခြင်းဖြစ်ပါသည်။

### ၂.၄.၁ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ အယူခံတက်ရောက်မှုနှုန်း

၂၀၂၄ ခုနှစ်အတွင်း ခရိုင်တရားရုံးများမှ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ စုစုပေါင်း အယူခံတက်ရောက်မှုနှုန်းသည် ရာဇဝတ်မှုများတွင် (၆%) ရှိပြီး တရားမမှုများတွင် (၂၉%) ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများမှ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ အယူခံတက်ရောက်မှုနှုန်းကို ဇယား-၂၀ တွင်ဖော်ပြထားပါသည်။

### (ဇယား-၂၀) ၂၀၂၄ ခုနှစ်အတွင်း ခရိုင်တရားရုံးများမှ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ အယူခံတက်ရောက်မှုနှုန်း

| စဉ် | ခရိုင် | ရာဇဝတ် | | တရားမ | | အယူခံနှုန်း | |
|---|---|---|---|---|---|---|---|
| | | ဆုံးဖြတ်ပြီးအမှု (ခရိုင်) | အယူခံမှု (တိုင်းလွှတ်တော်) | ဆုံးဖြတ်ပြီးအမှု (ခရိုင်) | အယူခံမှု (တိုင်းလွှတ်တော်) | ရာဇဝတ် | တရားမ |
| ၁ | တိုက်ကြီးခရိုင် | ၆၉ | ၂ | ၄၃ | ၂၂ | ၃% | ၅၁% |
| ၂ | လှည်းကူးခရိုင် | ၁၂၉ | ၆ | ၅၂ | ၁၃ | ၅% | ၂၅% |
| ၃ | မှော်ဘီခရိုင် | ၁၄၄ | ၅ | ၇၃ | ၃၀ | ၃% | ၄၁% |
| ၄ | မင်္ဂလာဒုံခရိုင် | ၂၇၅ | ၂၈ | ၂၄၃ | ၇၉ | ၁၀% | ၃၂% |
| ၅ | အင်းစိန်ခရိုင် | ၂၉၄ | ၂၄ | ၃၀၉ | ၈၈ | ၈% | ၂၈% |
| ၆ | သဃ်န်းကျွန်းခရိုင် | ၅၃၀ | ၂၃ | ၄၂၈ | ၉၄ | ၄% | ၂၂% |
| ၇ | ဗိုလ်တထောင်ခရိုင် | ၄၆၅ | ၂၅ | ၃၁၈ | ၉၁ | ၅% | ၂၉% |
| ၈ | ဒဂုံမြို့သစ်ခရိုင် | ၃၀၂ | ၈ | ၃၁၁ | ၇၁ | ၃% | ၂၃% |
| ၉ | သန်လျင်ခရိုင် | ၂၁၆ | ၆ | ၁၄၂ | ၄၄ | ၃% | ၃၁% |
| ၁၀ | တွံတေးခရိုင် | ၁၉၂ | ၁၁ | ၁၄၅ | ၆၁ | ၆% | ၄၂% |
| ၁၁ | ကျောက်တံတားခရိုင် | ၁၈၂ | ၉ | ၂၈၁ | ၈၂ | ၅% | ၂၉% |
| ၁၂ | အလုံခရိုင် | ၂၂၂ | ၂၂ | ၃၂၅ | ၆၇ | ၁၀% | ၂၁% |
| ၁၃ | မရမ်းကုန်းခရိုင် | ၄၁၉ | ၁၉ | ၆၇၄ | ၁၆၄ | ၅% | ၂၄% |
| ၁၄ | ကမာရွတ်ခရိုင် | ၂၂၇ | ၁၅ | ၁၉၆ | ၁၁၅ | ၇% | ၅၉% |
| | **စုစုပေါင်း** | ၃၆၆၆ | ၂၀၃ | ၃၅၄၀ | ၁၀၂၁ | ၆% | ၂၉% |

## ၂.၄.၂ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်း

မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်အပေါ် အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အလိုက် မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုအရေအတွက်နှင့် ခရိုင်တရားရုံးများ၏ အယူခံအရေအတွက်တို့၏ အမျိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ အယူခံမှုအရေအတွက်တွင် ပြင်ဆင်မှုနှင့် အထွေထွေအယူခံမှုများပါဝင်ခြင်းမရှိပါ။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်တရားရုံးများက ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်းကို ဇယား-၂၁ တွင် ဖော်ပြထားပါသည်။

## (ဇယား-၂၁) ၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်း

| စဉ် | ခရိုင် | ရာဇဝတ် | | တရားမ | | အယူခံနှုန်း | |
|---|---|---|---|---|---|---|---|
| | | ဆုံးဖြတ်ပြီးအမှု (မြို့နယ်) | အယူခံမှု (ခရိုင်)) | ဆုံးဖြတ်ပြီးအမှု (မြို့နယ်) | အယူခံမှု (ခရိုင်)) | ရာဇဝတ် | တရားမ |
| ၁ | တိုက်ကြီးမြို့နယ် | ၄၇၅ | ၆ | ၈၄ | ၇ | ၁.၂၆% | ၈% |
| ၂ | လှည်းကူးမြို့နယ် | ၅၉၃၀ | ၁၅ | ၁၁၃ | ၉ | ၀.၂၅% | ၈% |
| ၃ | မှော်ဘီမြို့နယ် | ၅၈၄ | ၂ | ၅၁ | ၂ | ၀.၃၄% | ၄% |
| ၄ | ထန်းတပင်မြို့နယ် | ၂၅၀ | ၄ | ၄၃ | ၄ | ၁.၆% | ၉% |
| ၅ | မင်္ဂလာဒုံမြို့နယ် | ၇၃၄ | ၂၂ | ၇၁ | ၄ | ၂.၉၉% | ၆% |
| ၆ | ရွှေပြည်သာမြို့နယ် | ၉၂၄ | ၁ | ၇၅ | ၆ | ၀.၁၈% | ၈% |
| ၇ | အင်းစိန်မြို့နယ် | ၁၄၁၄ | ၄ | ၅၆ | ၆ | ၀.၂၈% | ၁၁% |
| ၈ | လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် | ၁၈၆၃ | ၆ | ၅၅ | ၇ | ၀.၃၂% | ၁၃% |
| ၉ | လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် | ၂၈၉၆ | ၁ | ၃၂ | ၂ | ၀.၀၃% | ၆% |
| ၁၀ | သင်္ဃန်းကျွန်းမြို့နယ် | ၈၄၀ | ၈ | ၆၈ | ၁၁ | ၀.၉၅% | ၁၆% |
| ၁၁ | တောင်ဥက္ကလာပ မြို့နယ် | ၆၁၂ | ၁၃ | ၇၂ | ၂ | ၂.၁၂% | ၃% |
| ၁၂ | ရန်ကင်းမြို့နယ် | ၂၇၅ | ၅ | ၁၄ | - | ၁.၈၁% | - |
| ၁၃ | တာမွေမြို့နယ် | ၄၇၂ | ၁၂ | ၃၁ | ၂ | ၂.၅၄% | ၆% |
| ၁၄ | ဗိုလ်တထောင်မြို့နယ် | ၅၃၈ | - | ၄၉ | ၅ | - | ၁၀% |
| ၁၅ | ဒေါပုံမြို့နယ် | ၉၆၇ | ၁ | ၁၃ | ၁ | ၀.၁၀% | ၈% |
| ၁၆ | မင်္ဂလာတောင်ညွန့်မြို့နယ် | ၁၀၁၇ | ၃ | ၁၂ | ၂ | ၀.၂၉% | ၁၇% |
| ၁၇ | ပုဇွန်တောင်မြို့နယ် | ၃၆၈ | ၂ | ၇ | - | ၀.၅၄% | - |
| ၁၈ | သာကေတမြို့နယ် | ၁၀၄၈ | ၈ | ၇၆ | ၂ | ၀.၇၁% | ၃% |
| ၁၉ | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် | ၁၁၂၆ | ၃ | ၅၇ | ၄ | ၀.၂၆% | ၇% |
| ၂၀ | ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် | ၇၁၈ | ၁ | ၁၁၄ | ၄ | ၀.၁၃% | ၃% |
| ၂၁ | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် | ၇၄၈ | - | ၃၃ | ၂ | - | ၆% |
| ၂၂ | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် | ၇၁၅ | - | ၁၀ | ၂ | - | ၂၀% |
| ၂၃ | သန်လျင်မြို့နယ် | ၆၁၆ | ၁၁ | ၁၉၄ | ၁၇ | ၁.၇၈% | ၉% |
| ၂၄ | ကျောက်တန်းမြို့နယ် | ၁၆၀ | ၃ | ၄၇ | ၅ | ၁.၈၇% | ၁၀% |
| ၂၅ | သုံးခွမြို့နယ် | ၃၁၂ | - | ၃၁ | ၂ | - | ၆% |
| ၂၆ | ခရမ်းမြို့နယ် | ၂၆၈ | - | ၁၃၁ | ၁၆ | - | ၅၂% |
| ၂၇ | ကိုကိုးကျွန်းမြို့နယ် | - | - | - | - | - | - |
| ၂၈ | တွံတေးမြို့နယ် | ၇၆၂ | ၆ | ၄၀ | ၃ | ၀.၇၈% | ၇% |
| ၂၉ | ဆိပ်ကြီးခနောင်တိုမြို့နယ် | ၁၁၇ | ၁ | ၁၉ | - | ၀.၈၅% | - |
| ၃၀ | ဒလမြို့နယ် | ၂၆၂ | - | ၆၅ | ၃ | - | ၅% |
| ၃၁ | ကော့မှူးမြို့နယ် | ၁၂၅ | ၃ | ၆၇ | ၁ | ၂.၄% | ၁% |

| စဉ် | ခရိုင် | ရာဇဝတ် | | တရားမ | | အယူခံနှုန်း | |
|---|---|---|---|---|---|---|---|
| | | ဆုံးဖြတ်ပြီးအမှု (မြို့နယ်) | အယူခံမှု (ခရိုင်)) | ဆုံးဖြတ်ပြီးအမှု (မြို့နယ်) | အယူခံမှု (ခရိုင်)) | ရာဇဝတ် | တရားမ |
| ၃၂ | ကွမ်းခြံကုန်းမြို့နယ်တရားရုံး | ၁၁၈ | ၄ | ၂၄ | ၄ | ၃.၃၈% | ၁၇% |
| ၃၃ | ကျောက်တံတားမြို့နယ်တရားရုံး | ၁၆၀ | ၃ | ၂၅ | ၂ | ၁.၈၇% | ၈% |
| ၃၄ | ပန်းဘဲတန်းမြို့နယ်တရားရုံး | ၁၆၃ | ၄ | ၆ | - | ၂.၄၅% | - |
| ၃၅ | လသာမြို့နယ်တရားရုံး | ၈၈ | ၂ | ၃ | ၁ | ၄.၅၄% | ၃၃% |
| ၃၆ | လမ်းမတော်မြို့နယ်တရားရုံး | ၁၃၇ | ၁ | ၉ | ၁ | ၀.၇၂% | ၁၁% |
| ၃၇ | ဒဂုံမြို့နယ်တရားရုံး | ၁၁၉ | ၂ | ၂ | ၂ | ၁.၆၈% | ၁၀၀% |
| ၃၈ | အလုံမြို့နယ်တရားရုံး | ၃၂၁ | ၂ | ၈ | - | ၀.၆၂% | - |
| ၃၉ | ကြည့်မြင်တိုင်မြို့နယ်တရားရုံး | ၅၄၇ | - | ၁၃ | ၃ | - | ၂၃% |
| ၄၀ | စမ်းချောင်းမြို့နယ်တရားရုံး | ၅၇၆ | ၆ | ၂၅ | ၃ | ၁.၀၄% | ၁၂% |
| ၄၁ | မရမ်းကုန်းမြို့နယ်တရားရုံး | ၇၁၈ | ၁၀ | ၇၆ | ၁၁ | ၁.၃၉% | ၁၄% |
| ၄၂ | လှိုင်မြို့နယ်တရားရုံး | ၄၈၆ | ၆ | ၄၁ | ၆ | ၁.၂၃% | ၄၃% |
| ၄၃ | မြောက်ဥက္ကလာပမြို့နယ်တရားရုံး | ၈၇၇ | ၁၃ | ၁၀၉ | ၄ | ၁.၄၈% | ၄% |
| ၄၄ | ကမာရွတ်မြို့နယ်တရားရုံး | ၂၉၉ | ၂ | ၂၀ | - | ၀.၆၆% | - |
| ၄၅ | ဗဟန်းမြို့နယ်တရားရုံး | ၃၅၈ | ၇ | ၁၄ | ၃ | ၁.၉၅% | ၂၁% |
| | **စုစုပေါင်း** | ၃၂၁၀၃ | ၂၀၃ | ၂၁၀၅ | ၁၇၁ | ၀.၆၃% | **၈.၁%** |

## ၂.၅ မှုခင်းပမာဏနှင့် တရားသူကြီးများ၏ဆောင်ရွက်နိုင်မှု

ပြက္ခဒိန်နှစ်အတွင်း တရားသူကြီးတစ်ဦး စစ်ဆေးရသည့် မှုခင်းပမာဏနှင့် စီရင်ဆုံးဖြတ်နိုင်သည့် အမှုပမာဏကို တိုင်းတာရန်ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်တွင် တရားရုံးအဆင့်အလိုက် တရားသူကြီးတစ်ဦးလျှင် လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်နှင့် စီရင်ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်တို့ကို **ဇယား (၂၂)** တွင် ဖော်ပြထားပါသည်။ ယင်းဇယားအရ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တွင် ပျမ်းမျှအားဖြင့် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့်အမှုအရေအတွက်မှာ ၅၀၉ မှုဖြစ်ပြီး၊ စီရင်ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်မှာ ၄၇၈ မှုဖြစ်ပါသည်။

ခရိုင်အဆင့်တရားရုံးများတွင် ပျမ်းမျှအားဖြင့် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်မှာ ၉၅ မှုဖြစ်ပြီး၊ စီရင်ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်မှာ ၁၁၇ မှု ဖြစ်ပါသည်။

## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

မြို့နယ်တရားရုံးများတွင် ပျမ်းမျှအားဖြင့် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်မှာ ၂၀၃ မှုဖြစ်ပြီး၊ စီရင်ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်မှာ ၂၀၂ မှုဖြစ်ပါသည်။

၂၀၂၄ ခုနှစ်တွင် ခရိုင်အဆင့်တရားရုံးများ၏ အမှုစစ်ဆေးပြီးပြတ်နိုင်သည့် စွမ်းဆောင်နိုင်မှုသည် အမြင့်မားဆုံးဖြစ်ပါသည်။

**ဇယား (၂၂) ၂၀၂၄ ခုနှစ်အတွင်း တရားရုံးအဆင့်အလိုက် တရားသူကြီးတစ်ဦးစစ်ဆေးရသည့် စီရင်ဆုံးဖြတ်နိုင်သည့် အမှုပမာဏ**

| | စွဲဆိုမှု (ရာဇဝတ်+ တရားမ) | ပြီးပြတ် (ရာဇဝတ်+ တရားမ) | တရားသူကြီး အရေအတွက် | မှုခင်း ပမာဏ | ဆောင်ရွက် နိုင်မှု | ဆောင်ရွက်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| **တရားလွှတ်တော်** | ၃၅၆၄ | ၃၃၄၃ | ၇ | ၅၀၉ | ၄၇၈ | ၉၄% |
| **ခရိုင်တရားရုံးများ** | ၈၃၂၇ | ၁၀၃၁၇ | ၈၈ | ၉၅ | ၁၁၇ | ၁၂၄% |
| **မြို့နယ်တရားရုံးများ** | ၃၅၆၄၅ | ၃၅၅၃၈ | ၁၇၆ | ၂၀၃ | ၂၀၂ | ၁၀၀% |



## ၂.၆ စစ်အုပ်ချုပ်ရေး (Martial Law) နယ်မြေများတွင် စစ်ခုံရုံးများဖြင့် တရားစီရင်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၁ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တွင်လည်းကောင်း၊[၃၀] ၂၀၂၁ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် လည်းကောင်း[၃၁] အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအားအပ်နှင်းခဲ့သည်။ စစ်အုပ်ချုပ်ရေး (Martial Law) နယ်မြေ တွင်ဖြစ်ပွားသော ရာဇဝတ်မှုခင်း ၂၃ မျိုးကို စစ်ခုံရုံးဖြင့် စစ်ဆေးစီရင်ရန် သတ်မှတ်ထားသည်။[၃၂]

ထို့ကြောင့် ၂၀၂၄ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စစ်အုပ်ချုပ်ရေး (Martial Law) နယ်မြေဖြစ်သော လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် ဖြစ်ပွားသော စစ်ခုံရုံးဖြင့် စစ်ဆေးရန်သတ်မှတ်ထားသော ပြစ်မှုအမျိုးအစား ၂၃ မျိုးနှင့်စပ်လျဥ်း၍ စစ်ခုံရုံးကလွဲအပ်သည့်အချို့အမှုများကိုသာ အရပ်ဘက်တရားရုံးများက စစ်ဆေးစီရင်ခဲ့ပါသည်။

## ၂.၇ သီးသန့်တရားရုံးများဖြင့် စစ်ဆေးစီရင်ခြင်း

၂၀၂၁ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုကိုးကျွန်းမြို့နယ်နှင့် စစ်အုပ်ချုပ်ရေး (Martial Law)အမိန့်ထုတ်ပြန်ထားသော လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်များမှအပ ကျန်မြို့နယ်အသီးသီးသို့ သက်ဆိုင်ရာမြို့နယ်အလိုက် တရားစွဲဆိုတင်ပို့လာမည့် လုံခြုံရေးအခြေအနေအရ ရုံးရှေ့သို့တင်ပို့ရန် အခက်အခဲရှိသော အချုပ်တရားခံပါ ရာဇဝတ်မှုများနှင့်စပ်လျဥ်း၍ တရားစီရင်ရေး အဆင်ပြေချောမွေ့စေရန်အလို့ငှာ အင်းစိန်ဗဟိုအကျဉ်းထောင်အနီးရှိ သီးသန့်တရားရုံးနေရာများတွင် ရုံးထိုင်စစ်ဆေးစီရင်ရန် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၇၈ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ညွှန်ကြားခဲ့ပါသည်။

---

[၃၀] နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၅-၃-၂၀၂၁ ရက်စွဲပါ စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၁/၂၀၂၁

[၃၁] နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၅-၃-၂၀၂၁ ရက်စွဲပါ စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၂/၂၀၂၁

[၃၂] နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၅-၃-၂၀၂၁ ရက်စွဲပါ စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၃/၂၀၂၁

## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

၂၀၂၄ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး (၃)ဦး၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ကြီးကြပ်မှုအောက်ရှိ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများမှ ခရိုင်တရားသူကြီး (၇)ဦး၊ တွဲဖက်ခရိုင်တရားသူကြီး (၈)ဦး၊ ဒုတိယခရိုင်တရားသူကြီး (၁၁)ဦး၊ မြို့နယ်တရားသူကြီး (၃၀)ဦး၊ တွဲဖက်မြို့နယ်တရားသူကြီး (၃)ဦးတို့အား အင်းစိန်ဗဟိုအကျဉ်းထောင်အနီးရှိ သီးသန့်တရားရုံးတွင် ရုံးထိုင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တာဝန်ပေးအပ်ခဲ့သည်။ ၂၀၂၄ ခုနှစ်အတွင်း အင်းစိန်ဗဟိုအကျဉ်းထောင်အနီးရှိ သီးသန့်တရားရုံးတွင် စစ်ဆေးစီရင်ခဲ့သော ရာဇဝတ်မှုများအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| ရုံးအမည် | ယခင်နှစ်လက်ကျန် | စွဲဆိုမှု | ပြီးပြတ်မှု | လက်ကျန် |
|---|---|---|---|---|
| ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် | - | ၁၄ | ၅ | ၉ |
| ခရိုင်တရားရုံးများ | ၉ | ၅၄ | ၅၅ | ၈ |
| မြို့နယ်တရားရုံးများ | ၄၇ | ၂၆၉ | ၂၄၃ | ၇၃ |
| စုစုပေါင်း | ၅၆ | ၃၃၇ | ၃၀၃ | ၉၀ |

### ၂.၈ ရုံးခွန်နှင့် ဒဏ်ငွေ ကောက်ခံရရှိမှု

#### ၂.၈.၁ ရုံးခွန်

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်နှင့် လက်အောက်ခံတရားရုံးအဆင့်ဆင့်၌ စွဲဆိုသောအမှုများတွင် ရုံးခွန်ဥပဒေအရ ရုံးခွန်တံဆိပ်ခေါင်းများကို အမှုသည်များကလည်းကောင်း၊ ရှေ့နေရှေ့ရပ်ကိစ္စများတွင် ရှေ့နေများနှင့်သက်ဆိုင်သူများမှလည်းကောင်း ထမ်းဆောင်ရပါသည်။ ၂၀၂၄ ခုနှစ်အတွင်း ရုံးခွန်တံဆိပ်ခေါင်းထမ်းဆောင်ရရှိငွေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| တရားရုံးများ | ရုံးခွန်(ကျပ်) |
|---|---|
| ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် | ၂၂၈၀၈၃၁၇၀.၅၉ |
| ခရိုင်တရားရုံးများ | ၁၁၁၀၀၃၁၉၂၈ |
| မြို့နယ်တရားရုံးများ | ၁၃၇၉၈၂၈၉၂.၅၂ |
| စုစုပေါင်း | ၁၄၇၆၀၉၇၉၉၁.၁၁ |

## ၂.၈.၂ ဒဏ်ငွေ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သည် နှစ်စဉ်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေအရ တရားရုံးများမှ ကောက်ခံရရှိသော ဒဏ်ငွေများကို ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ရငွေများအဖြစ် ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာ ရန်ပုံငွေသို့ ပေးသွင်းပါသည်။ တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသော ရာဇဝတ်မှုများကို စီရင်ဆုံးဖြတ် ရာတွင် ဒဏ်ငွေတပ်ရိုက်သည့် အမှုများ ပါဝင်ပါသည်။ ၂၀၂၄ ခုနှစ်အတွင်း တရားရုံးအဆင့်ဆင့် က တပ်ရိုက်သည့်ဒဏ်ငွေနှင့် ကောက်ခံရရှိသည့် ဒဏ်ငွေများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| တရားရုံးများ | ယခင်ကာလ ကြွေးကျန် ( ကျပ် ) | တပ်ရိုက် ဒဏ်ငွေ ( ကျပ် ) | ကောက်ခံရ ဒဏ်ငွေ ( ကျပ် ) | ပယ်ဖျက်သည့် ဒဏ်ငွေ ( ကျပ် ) |
|---|---|---|---|---|
| ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် | - | - | - | - |
| ခရိုင်တရားရုံးများ | - | ၁၀၀၈၀၀၀၀၀ | ၁၀၀၈၀၀၀၀၀ | - |
| မြို့နယ်တရားရုံးများ | - | ၈၀၄၈၃၀၂၅၀ | ၈၀၄၈၃၀၂၅၀ | - |
| စုစုပေါင်း | - | ၈၁၄၉၁၀၂၅၀ | ၈၁၄၉၁၀၂၅၀ | - |

# အပိုင်း (၃)

# တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃- ၂၀၂၇) အရ အကောင်အထည်ဖော်ဆောင်ရွက်ချက်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) တွင် မဟာဗျူဟာလုပ်ငန်းနယ်ပယ်(၅)ရပ်ကို သတ်မှတ်ထားပါသည်။ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သည် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)၏ ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

## ၃.၁ ဥပဒေဆိုင်ရာအထောက်အကူပေးရေးစနစ်ကို ကူညီဆောင်ရွက်ခြင်း (ရည်မှန်းချက် ၁.၁ )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)၏ မဟာဗျူဟာရည်မှန်းချက် ၁.၁ တွင် ထိရောက်သော ဥပဒေဆိုင်ရာအထောက်အကူပေးရေးစနစ် တည်ထောင်ရန် မဟာဗျူဟာရည်မှန်းချက် ချမှတ်ထားပါသည်။ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)အရ "**ရန်ကုန်တိုင်းဒေသကြီး ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့**"[၃၄] ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားရှိပြီး ရန်ကုန်တိုင်းဒေသကြီး ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များနှင့် အခါအားလျော်စွာ ဆွေးနွေးပွဲများ၊ အစည်းအဝေးပွဲများပြုလုပ်၍ ဥပဒေအရ အကာအကွယ်ရထိုက်သူများ၏ အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရန် တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများကို ကူညီပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိပါသည်-

[၃၄] ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ၁၆-၃-၂၀၂၃ ရက်စွဲပါ အမိန့်အမှတ် ၁/၂၀၂၃

| စဉ် | အမည် | ရာထူး | ရုံးအမည်/ ဌာန | |
|---|---|---|---|---|
| ၁ | ဦးညာဏ်ဝင်း | တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၇၄) | | ဥက္ကဋ္ဌ |
| ၂ | ဒေါ်ဖြူဝင်းငယ် | ဒုတိယညွှန်ကြားရေးမှူး | ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် | အဖွဲ့ဝင် |
| ၃ | ဒေါ်ခိုင်ခိုင်စိုး | ဒုတိယညွှန်ကြားရေးမှူး | ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| ၄ | ဦးမျိုးအောင် | ဒုတိယညွှန်ကြားရေးမှူး | ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | အဖွဲ့ဝင် |
| ၅ | ဦးအုန်းခိုင် | ဒုတိယခရိုင်တရားသူကြီး(ငြိမ်း) တရားလွှတ်တော်ရှေ့နေ (စဉ်-၅၁၅၁) | | အဖွဲ့ဝင် |
| ၆ | ဦးလွင်ဦး | ညွှန်ကြားရေးမှူး တိုင်းဒေသကြီးဦးစီးမှူး | တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| ၇ | ဒေါ်စန်းစန်း | ညွှန်ကြားရေးမှူး(ငြိမ်း) တရားလွှတ်တော်ရှေ့နေ (စဉ်-၆၃၆၅) | | အဖွဲ့ဝင် |

## ၃.၂ တရားရုံးအသုံးပြုသူများ လက်လှမ်းမီနိုင်မှုတိုးတက်စေခြင်း (ရည်မှန်းချက် ၁.၂.၁၊ ၁.၂.၂)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)၊ မဟာဗျူဟာ ရည်မှန်းချက် ၁.၂ တွင် တရားရုံးအသုံးပြုသူများ လက်လှမ်းမီနိုင်မှုတိုးတက်စေရန် ရည်မှန်းချက် ချမှတ်ထားပါသည်။ မဟာဗျူဟာအစီအစဉ် ၁.၂.၁ အရ တရားရုံးများတွင် ခေတ်မီ အများပြည်သူ ဆိုင်ရာ သတင်းအချက်အလက်ကောင်တာများနှင့် အမှုလက်ခံဌာနများတည်ထောင်ရန် လုပ်ငန်း အစီအစဉ်ချမှတ်ထားပါသည်။



ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
စုံစမ်းရန်ဌာန(Information Center)



ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
အမှုတင်ရန်ဌာန(Intake Counter)

တရားရုံးအသုံးပြုသူများ တရားရုံးဆိုင်ရာ သတင်းအချက်အလက်များကို အလွယ်တကူ ရရှိနိုင်စေရန် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရား ရုံးအသီးသီးတွင် စုံစမ်းရန်ဌာန(Information Center)များဖွင့်လှစ်ပေးခြင်း၊ တရားရုံးသို့ အမှုစွဲဆို တင်ပို့ရာတွင် အများပြည်သူအဆင်ပြေချောမွေ့စေရန် အမှုတင်ရန်ဌာန(Intake Counter)များ ဖွင့်လှစ်ပေးခြင်းများ ဆောင်ရွက်ထားရှိပါသည်။

အများပြည်သူများနှင့် တရားရုံးအသုံးပြုသူများအနေဖြင့် တရားရုံးဆိုင်ရာ သတင်း အချက်အလက်များကို အလွယ်တကူ Online မှတစ်ဆင့် ကြည့်ရှုနိုင်စေရန် မဟာဗျူဟာ အစီအစဉ် ၁.၂.၂ နှင့်အညီ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် Websiteအား ၁-၁၂-၂၀၂၀ ရက်နေ့မှစတင်၍ လွှင့်တင်ခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် Website တွင် သတင်းများ၊ အမှုခေါ်စာရင်းများ၊ စီရင်ချက်ချမှတ်မည့်အမှုစာရင်းများ၊ လက်ကမ်း စာစောင်များ၊ နှစ်စဉ်အစီရင်ခံစာများနှင့် တရားရုံးလိပ်စာများအား အချိန်နှင့် တပြေးညီ လွှင့်တင်ဖော်ပြထားပါ သည်။



ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး
စုံစမ်းရန်နှင့်အမှုတင်ရန်ဌာန
(Information & Intake Center)



ဒေါပုံမြို့နယ်တရားရုံး
စုံစမ်းရန်နှင့်အမှုတင်ရန်ဌာန
(Information & Intake Center)

ထို့ပြင် မဟာဗျူဟာအစီအစဉ် ၁.၂.၃ တွင် အများပြည်သူအတွက် နည်းပညာသုံး မှုခင်းသတင်းအချက်အလက်စနစ် ဆောင်ရွက်ရန် လုပ်ငန်းအစီအစဉ် ချမှတ်ထားပါသည်။ ထို့ကြောင့် တရားရုံး အသုံးပြုသူများ ဥပဒေသတင်းအချက်အလက်များကို အလွယ်တကူ ရရှိစေနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ အများပြည်သူဝင်ထွက်သောနေရာများတွင် Touch Screen Display (၂)ခုကို တပ်ဆင်ပေးထားပါသည်။



တရားရုံးအသုံးပြုသူများ ဥပဒေသတင်းအချက်အလက်ရယူနိုင်ရန်
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တွင် Touch Screen Display တပ်ဆင်ပေးထားပုံ

## ၃.၃ တရားရုံးအဆောက်အဦအသစ်များဆောက်လုပ်ခြင်းနှင့် အဆောက်အဦများအား ပြုပြင်မွမ်းမံခြင်း (ရည်မှန်းချက် ၁.၄)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)၏ မဟာဗျူဟာအစီအစဉ် ၁.၄.၁ တွင် တရားရုံးဝန်ဆောင်မှုများ လက်လှမ်းမီနိုင်မှု တိုးတက်စေရေးအတွက် တရားရုံးအဆောက်အဦအသစ်များ ဆောက်လုပ်ရန်နှင့် လက်ရှိအဆောက်အဦများအား ပြုပြင်မွမ်းမံရန် လုပ်ငန်းအစီအစဉ် ချမှတ်ထားပါသည်။ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားရုံးများအား အသစ်ပြန်လည်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းများဆောင်ရွက်နိုင်ရန် စီမံချက်ရေးဆွဲခြင်း၊ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခြင်း၊ နှစ်စဉ် ရသုံးမှန်းခြေငွေစာရင်းများ ခန့်မှန်းပြုစုခြင်းများကို အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုဘဏ္ဍာရန်ပုံငွေ ကျပ်သန်း ၂၄၄၅.၀၀၀ ဖြင့် ကျောက်တံတားမြို့နယ်တရားရုံး(၃)ထပ် အဆောက်အဦအကြီးစား ပြင်ဆင်ခြင်းလုပ်ငန်းကို ရွှေမိုးငွေကုမ္ပဏီလီမိတက်မှ ဆောင်ရွက်ခဲ့ပါသည်။



**ကျောက်တံတားမြို့နယ်တရားရုံး (၃)ထပ်အဆောက်အဦ အကြီးစားပြင်ဆင်ခြင်း ပြီးစီးမှု မှတ်တမ်းဓါတ်ပုံ**

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုဘဏ္ဍာရန်ပုံငွေ ကျပ်သန်း ၁၈၂၅.၀၀၀ ဖြင့် မြောက်ဥက္ကလာပမြို့နယ်တရားရုံး (၁၆၀ ပေ x ၈၂ ပေ) RCC (၄)ထပ် အဆောက်အဦကို G3 Group Limited မှ ဆောက်လုပ်ခဲ့ပါသည်။





**မြောက်ဥက္ကလာပမြို့နယ်တရားရုံး (၁၆၀ ပေ x ၈၂ ပေ) RCC (၄)ထပ် အဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်းပြီးစီးသည့် မှတ်တမ်းဓာတ်ပုံ**

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုဘဏ္ဍာရန်ပုံငွေ ကျပ်သန်း ၂၁၈၇.၉၉၀ ဖြင့် ဒလမြို့နယ်တရားရုံး (၉၀ ပေ x ၇၀ ပေ) (၃၀ ပေ x ၁၅ ပေ) RCC (၄)ထပ် အဆောက်အဦကို Diamond City Co.,Ltd မှ ဆောက်လုပ်ခဲ့ပါသည်။





**ဒလမြို့နယ်တရားရုံး (၉၀ ပေ x ၇၀ ပေ) (၃၀ ပေ x ၁၅ ပေ) RCC (၄)ထပ် အဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်းပြီးစီးသည့် မှတ်တမ်းဓာတ်ပုံ**

## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုဘဏ္ဍာရန်ပုံငွေ ကျပ်သန်း ၄၅၀.၀၀၀ ဖြင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် အမိုးမျက်နှာကျက် ပြင်ဆင် ခြင်းလုပ်ငန်းကို G3 GROUP LIMITED မှ ဆောင်ရွက်ခဲ့ပါသည်။





**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် အမိုးမျက်နှာကျက်ပြင်ဆင်ခြင်း မှတ်တမ်းဓါတ်ပုံ**

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အထွေထွေပိုလျှံရန်ပုံငွေ (GRF) မှ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၂၄.၁၃၀ ဖြင့် သန်လျင်ခရိုင်တရားရုံးနှင့် သန်လျင်မြို့နယ် တရားရုံးအချုပ်ခန်းပြင်ဆင်ခြင်းလုပ်ငန်းများကို ငွေကြေးဆောက်လုပ်ရေးကုမ္ပဏီမှ ဆောင်ရွက် ခဲ့ပါသည်။




**သန်လျင်ခရိုင်တရားရုံးနှင့် သန်လျင်မြို့နယ်တရားရုံး အချုပ်ခန်း ပြင်ဆင်ခြင်းလုပ်ငန်း ပြီးစီးသည့် မှတ်တမ်းဓာတ်ပုံ**

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း(ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ) မှ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၂၀.၉၉၃ တွင် ကျပ်သန်း ၁၂၀.၉၉၀ ဖြင့် ဆိပ်ကြီးခနောင်တိုမြို့နယ်တရားရုံး အဆောက်အဦပြုပြင်ခြင်းနှင့် အချုပ်ဆောင်ပြုပြင်ခြင်းလုပ်ငန်းများကို Mysterial Co.,Ltd မှ ဆောင်ရွက်ခဲ့ပါသည်။




**ဆိပ်ကြီးခနောင်တိုမြို့နယ်တရားရုံးအဆောက်အဦပြုပြင်ခြင်းနှင့်
အချုပ်ဆောင်ပြုပြင်ခြင်းလုပ်ငန်းပြီးစီးသည့် မှတ်တမ်းဓာတ်ပုံ**

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အထွေထွေပိုလျှံရန်ပုံငွေ (GRF) မှ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၆၄.၈၇၀ ဖြင့် သာကေတမြို့နယ်တရားရုံး မျက်နှာကျက်နှင့် ရုံးခေါင်မိုးများပြုပြင်ခြင်းလုပ်ငန်းများကို Diamond City Co.,Ltd မှ ဆောင်ရွက်ခဲ့ပါသည်။




**သာကေတမြို့နယ်တရားရုံး မျက်နှာကျက်နှင့် ရုံးခေါင်မိုးများ ပြုပြင်ခြင်းလုပ်ငန်း
ပြီးစီးသည့် မှတ်တမ်းဓာတ်ပုံ**

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ သာမန်အသုံးစရိတ်မှ သုံးခွမြို့နယ်တရားရုံး အမိုးမိုးခြင်းနှင့် မီးလိုင်းများပြုပြင်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၂၃.၂၆၁၁ တွင် ကျပ်သန်း ၂၃.၂၆၀ ဖြင့် ရွှေမိုးဝေကုမ္ပဏီလီမိတက်မှ ဆောင်ရွက်ခဲ့ပါသည်။





**သုံးခွမြို့နယ်တရားရုံး အမိုးမိုးခြင်းနှင့် မီးလိုင်းများပြုပြင်ခြင်းလုပ်ငန်း ပြီးစီးသည့် မှတ်တမ်းဓာတ်ပုံ**

၂၀၂၄ ခုနှစ်အတွင်း အောက်ဖော်ပြပါ တရားရုံးအဆောက်အဦ အသစ်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ကြီးကြပ်မှုဖြင့် ဘဏ္ဍာနှစ်အလိုက်ရန်ပုံငွေအရ ဆက်လက်တည်ဆောက်လျက်ရှိပါသည်-

(၁) သန်လျင်မြို့နယ်တရားရုံး RCC (၆) ထပ်

(၂) အင်းစိန်ခရိုင်တရားရုံး RCC (၅) ထပ်

**တည်ဆောက်ဆဲ သန်လျင်မြို့နယ်တရားရုံး အဆောက်အဦ**





တည်ဆောက်ဆဲ
အင်းစိန်ခရိုင်တရားရုံး
အဆောက်အဦ

## ၃.၄ တရားရုံးအထောက်အပံ့ပစ္စည်းများပံ့ပိုးခြင်း ( ရည်မှန်းချက် ၁.၄ )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)၊ မဟာဗျူဟာရည်မှန်းချက် ၁.၄ ၏ မဟာဗျူဟာအစီအစဉ် ၁.၄.၂တွင် တရားရုံးတွင် ပြည့်စုံလုံလောက်မှုနှင့် စိတ်ချရမှုတို့ကို ရရှိခံစားနိုင်စေရန် တရားရုံးအထောက်အပံ့ပစ္စည်းများ ခေတ်မီအောင် ဆောင်ရွက်ရန် မဟာဗျူဟာအစီအစဉ် ချမှတ်ထားပါသည်။ မဟာဗျူဟာအစီအစဉ်အရ ဆောင်ရွက်ရန် လုပ်ငန်းအစီအစဉ်များအဖြစ် တရားရုံးများတွင် ကွန်ပျူတာမော်နီတာများ တပ်ဆင်ခြင်း၊ Printer Ink Catridge များထောက်ပံ့ခြင်း၊ မှုခင်းစီမံခန့်ခွဲမှုအရ တရားရုံးများတွင် IT ပစ္စည်းများ ကူညီထောက်ပံ့ခြင်းစသည့် လုပ်ငန်းအစီအစဉ်များ ချမှတ်ထားပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားရုံးအဆင့်ဆင့်၏ တရားရုံးလုပ်ငန်းများ လျင်မြန်သွက်လက်စေရန် တရားစီရင်ရာတွင် လိုအပ်သော အထောက်အကူပြုပစ္စည်းများကို ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်အနေဖြင့် ရရှိသည့် ဘတ်ဂျက်ပမာဏအပေါ်မူတည်၍ နှစ်စဉ်စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိပါသည်။

၂၀၂၄ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်အပါအဝင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားရုံးအသီးသီးသို့ အသုံးပြုရန် ပံ့ပိုးတပ်ဆင်ပေးပြီးဖြစ်သည့် ကွန်ပျူတာနှင့် ဆက်စပ်လုပ်ငန်းသုံးပစ္စည်းများ အရေအတွက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

| စဉ် | ရုံးအမည် | Computer အရေအတွက် | Printer အရေအတွက် | Copier အရေအတွက် | Fax အရေအတွက် |
|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် | ၂၁ | ၁၉ | ၅ | ၄ |
| ၂ | ခရိုင်တရားရုံးများ | ၇၇ | ၇၇ | ၁၆ | ၁၄ |
| ၃ | မြို့နယ်တရားရုံးများ | ၂၀၄ | ၁၉၉ | ၄၄ | ၄၄ |
| ၄ | ကလေးသူငယ်တရားရုံး(ရန်ကုန်) | ၁ | ၁ | - | - |
| | စုစုပေါင်း | ၃၀၃ | ၂၉၆ | ၆၅ | ၆၂ |

### ၃.၅ သတင်းမီဒီယာနှင့် အများပြည်သူဆက်ဆံရေး ( ရည်မှန်းချက် ၂.၁ )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)၏ မဟာဗျူဟာရည်မှန်းချက် ၂.၁ တွင် သတင်းမီဒီယာ၊ အများပြည်သူတို့နှင့် ဆက်ဆံပြောဆိုမှု တိုးတက်စေရန် မဟာဗျူဟာ ရည်မှန်းချက်ချမှတ်ထားပါသည်။ မဟာဗျူဟာအစီအစဉ် ၂.၁.၁ တွင် တရားသူကြီးများကို မီဒီယာဆက်ဆံရေးကျွမ်းကျင်မှုသင်တန်းများပေးရန် မဟာဗျူဟာအစီအစဉ်ချမှတ်ထားပါသည်။အဆိုပါ မဟာဗျူဟာအစီအစဉ် ၂.၁.၁ အရ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တွင် ၂၉-၉-၂၀၂၄ ရက်နေ့တွင် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် တရားသူကြီးများအား သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် သင်တန်းဖွင့်လှစ်ပို့ချခဲ့ပါသည်။

မဟာဗျူဟာအစီအစဉ် ၂.၁.၂ တွင် တရားရုံးများတွင် အများပြည်သူဆိုင်ရာ သတင်းအချက်အလက် ဝန်ဆောင်မှုများ တိုးတက်စေရန် မဟာဗျူဟာအစီအစဉ်ချမှတ်ထားပါသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သည် သတင်းမီဒီယာဥပဒေနှင့်အညီ တရားစီရင်ရေးဆိုင်ရာ သတင်းအချက်အလက်များရယူနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တွင် သတင်းပြန်ကြားရေးအဖွဲ့နှင့် ခရိုင်နှင့် မြို့နယ်အဆင့်တရားရုံးများတွင် သတင်းပြန်ကြားရေးအရာရှိ များခန့်အပ်ထားပြီးဖြစ်ပါသည်။

## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## သတင်းမီဒီယာနှင့်ဝန်ဆောင်မှုသင်တန်းတွင်သင်ခန်းစာပို့ချသည့်မှတ်တမ်းဓါတ်ပုံ





ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် Website စာမျက်နှာဖြစ်သော https://yangon.hc.gov.mm တွင် တရားရုံးဆိုင်ရာသတင်းများ၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ကြိုတင်အမှုခေါ်စာရင်းများ၊ စီရင်ချက်ချမှတ်မည့် အမှုစာရင်းများကို ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် တရားရုံးအသုံးပြုသူများအနေဖြင့် တရားစီရင်ထုံးများအား အွန်လိုင်းမှတဆင့် လွယ်ကူလျင်မြန်စွာ ရှာဖွေလေ့လာနိုင်သော တရားစီရင်ထုံးအကြောင်းအရာရှာဖွေခြင်းစနစ် (RCMS) စနစ်အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ RCMS စနစ်အား QR Code စနစ်ဖြင့် ဝင်ရောက်နိုင်မည့် အသုံးပြုပုံနည်းလမ်းများပါဝင်သော လက်ကမ်းစာစောင်များအား ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများ၏ Intake ကောင်တာများတွင် ဖြန့်ဝေထားရှိပါသည်။



**RCMS စနစ်အား အများပြည်သူသိရှိနိုင်စေရန် Intake ကောင်တာများတွင် လက်ကမ်းစာစောင်နှင့် QR Code များထားရှိမှုအခြေအနေ**

## ၃.၆ တရားရုံးနှစ်စဉ်အစီရင်ခံစာ (Annual Report) ထုတ်ပြန်ခြင်း ( ရည်မှန်းချက် ၂.၁ )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)၊ မဟာဗျူဟာ ရည်မှန်းချက် ၂.၁ ၏ မဟာဗျူဟာအစီအစဉ် ၂.၁.၃ တွင် အများပြည်သူဆိုင်ရာ သတင်း အချက်အလက်အစီအစဉ် တိုးချဲ့ဆောင်ရွက်ရန် မဟာဗျူဟာအစီအစဉ်ချမှတ်ထားပါသည်။ ယင်း မဟာဗျူဟာအစီအစဉ်၏ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် တရားလွှတ်တော်များအလိုက် တရားရုံး နှစ်စဉ်အစီရင်ခံစာများ ထုတ်ဝေခြင်းဆောင်ရွက်ရန် သတ်မှတ်ထားပါသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်နှင့် လက်အောက်ခံတရားရုံးအဆင့်ဆင့်တို့၏ တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏ လုပ်ငန်း ဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများ၏ စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်၊ တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိ လာစေရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ တရားရုံးနှစ်စဉ် အစီရင်ခံစာ (Annual Report) ကို ၂၀၁၈ ခုနှစ်မှစ၍ နှစ်စဉ် ရေးသားထုတ်ပြန်ခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် " **၂၀၂၃ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ** " ကို ၂၀၂၄ ခုနှစ် မေလ ၂၁ ရက်နေ့တွင် ထုတ်ဝေနိုင်ခဲ့ပါသည်။




ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏
၂၀၂၃ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ဝေနိုင်ရေးအတွက်ကိုလည်း တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးဆောင်သော "တရားရုံး နှစ်စဉ်အစီရင်ခံစာ ပြုစုထုတ်ဝေရေးအဖွဲ့"ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

### ၃.၇ တရားရုံးသတင်းအချက်အလက်များကို အလွယ်တကူသိရှိစေခြင်း ( ရည်မှန်းချက် ၂.၂ )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)၏ မဟာဗျူဟာရည်မှန်းချက် ၂.၂ တွင် တရားရုံးသတင်းအချက်အလက်ဆိုင်ရာ ရပ်ရွာအခြေပြုအစီအစဉ်များမြှင့်တင်ဆောင်ရွက်ရန် ရည်မှန်းချက် ချမှတ်ထားပါသည်။ မဟာဗျူဟာအစီအစဉ် ၂.၂.၁ တွင် အများပြည်သူအထောက်အကူပြု အစီအစဉ်များ သတ်မှတ်ထားရာ လုပ်ငန်းအစီအစဉ်အဖြစ် တရားရုံးအသုံးပြုသူများက တရားရုံးနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို အလွယ်တကူသိရှိနိုင်ရန် လက်ကမ်းစာစောင်များ၊ ဗီနိုင်းများ၊ လမ်းညွှန်အမှတ်အသားများ ပြုလုပ်ထားရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်နှင့် လက်အောက်ခံတရားရုံးအသီးသီးတွင် တရားရုံးအသုံးပြုသူများအနေဖြင့် တရားရုံးနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို အလွယ်တကူသိရှိစေရန် ကြော်ငြာဗီနိုင်းများ၊ လမ်းညွှန်အမှတ်အသားများ စွဲကပ်ထားရှိပါသည်။

### ၃.၈ တရားရုံးဘတ်ဂျက်ကို ပွင့်လင်းမြင်သာစွာ စီမံခန့်ခွဲခြင်း ( ရည်မှန်းချက် ၃.၂ )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)၏ မဟာဗျူဟာရည်မှန်းချက် ၃.၂ တွင် တရားရုံးဘတ်ဂျက်ကို ပွင့်လင်းမြင်သာ၍ တာဝန်ယူမှုဖြင့် အဆိုပြုရန်၊ ထောက်ခံတင်ပြရန်နှင့် စီမံခန့်ခွဲရန် ရည်မှန်းချက် ချမှတ်ထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် သာမန်အသုံးစရိတ် ခွင့်ပြုငွေကျပ်သန်း (၂၇၀၆.၉၂၈) ကိုလည်းကောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် သာမန်အသုံးစရိတ် ခွင့်ပြုငွေကျပ်သန်း (၂၈၈၁.၃၅၆)ကိုလည်းကောင်း ခွဲဝေချထားခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းဆောက်လုပ်ရေးလုပ်ငန်းအတွက် ခွင့်ပြုငွေကျပ်သန်း (၆၀၃၅.၆၃၀) ကိုလည်းကောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုငွေကျပ်သန်း (၈၉၂၇.၇၄၉) ကိုလည်းကောင်း ခွဲဝေချထားပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းအဖြစ်ဆောင်ရွက်ခဲ့သည့် စီမံကိန်းလုပ်ငန်းများဖြစ်သည့် မြောက်ဥက္ကလာပမြို့နယ်တရားရုံးသစ်အတွက် ကျပ်သန်း (၁၈၂၅.၀၀၀) ၊ ဒလမြို့နယ်တရားရုံးသစ်အတွက် ကျပ်သန်း (၂၁၈၇.၉၉၀) ခွဲဝေချထားပေးခဲ့ရာ ၁၀၀% ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ဆောက်လုပ်ရေးလုပ်ငန်း စီမံကိန်းသစ်ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် အမိုးမျက်နှာကျက်ပြင်ဆင်ခြင်းလုပ်ငန်းအတွက် ကျပ်သန်း (၄၅၀.၀၀၀) ခွဲဝေချထားပေးခဲ့ရာ ၁၀၀% ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းအဖြစ်ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ငန်းများဖြစ်သည့် သန်လျင်မြို့နယ်တရားရုံးသစ် (၆ထပ်) အဆောက်အဦအတွက် ကျပ်သန်း (၁၄၆၄.၇၅၉)၊ အင်းစိန်ခရိုင်တရားရုံး (၅)ထပ် အဆောက်အဦအတွက် ကျပ်သန်း (၃၀၀၀.၀၀၀) တို့အား ခွဲဝေချထားပေးခဲ့ပါသည်။

## ၃.၉ တရားစီရင်ရေးအတွက် ထိရောက်အကျိုးရှိသည့် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်များ မြှင့်တင်ပေးရန် (ရည်မှန်းချက် ၃.၃)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)၏ မဟာဗျူဟာရည်မှန်းချက် ၃.၃ တွင် တရားစီရင်ရေးအတွက် ထိရောက်အကျိုးရှိသည့် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းရည်များမြှင့်တင်ပေးရန် မဟာဗျူဟာရည်မှန်းချက် ချမှတ်ထားပါသည်။ မဟာဗျူဟာ အစီအစဉ် ၃.၃.၂ အရ စီမံခန့်ခွဲရေးလုပ်ငန်းများတွင် စာရွက်စာတမ်းများ အသုံးပြုမှုလျှော့ချ၍ Online ဖြင့်သာ အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ရန် အစီစဉ်ချမှတ်ထားပါသည်။

အဆိုပါ မဟာဗျူဟာစီမံကိန်း ၃.၃.၂ အရ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်နှင့် လက်အောက်ခံတရားရုံး အဆင့်ဆင့်တို့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားသော Webmail များ၊ File Server များအသုံးပြု၍လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားသော EDMS Mail များအသုံးပြု၍လည်းကောင်း တရားရုံးများနှင့် ဌာနဆိုင်ရာများကြား စာပေးစာယူကိစ္စရပ်များဆောင်ရွက်လျက်ရှိပါသည်။

## ၃.၁၀ ဝန်ထမ်းခန့်ထားခြင်း ( ရည်မှန်းချက် ၃.၃ )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)၏ မဟာဗျူဟာရည်မှန်းချက် ၃.၃ တွင် တရားစီရင်ရေးအတွက် ထိရောက်အကျိုးရှိသည့် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းရည်များ မြှင့်တင်ပေးရန် မဟာဗျူဟာရည်မှန်းချက် ချမှတ်ထားပါသည်။ မဟာဗျူဟာအစီအစဉ် ၃.၃.၄ အရ တရားရုံး လူ့စွမ်းအား အရင်းအမြစ်များကို ထိရောက်စွာ ခွဲဝေချထားနိုင်ရေး အတွက် ဆောင်ရွက်ရန် အစီအစဉ်ချမှတ်ထားပြီး လုပ်ငန်းအစီအစဉ်အဖြစ် တရားရုံးဖွဲ့စည်းပုံနှင့် အညီ တရားရုံး အရာထမ်း၊ အမှုထမ်းများ ခန့်အပ်နိုင်ရေးဆောင်ရွက်ရန်နှင့် တရားရုံးအရာထမ်း၊

အမှုထမ်းများအား တရားရုံးလုပ်ငန်းပမာဏ၊ ဘတ်ဂျက်ခွင့်ပြုချက်တို့နှင့်အညီ ခန့်အပ်နိုင်ရေး ဆောင်ရွက်ရန် အစီအစဉ်ချမှတ်ထားပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းတရားရုံးများတွင် တရားသူကြီးများနှင့် တရားရေးအရာရှိများကို လုပ်ငန်းပမာဏနှင့် ကိုက်ညီအောင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ခန့်ထားပါသည်။

၂၀၂၃ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တွင် အမှုထမ်းခန့်ထားနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရာထူး | အရေအတွက် |
|---|---|---|
| ၁။ | အငယ်တန်းစာရေး | ၃၆ ဦး[၂၅] |
| ၂။ | ရုံးအကူ | ၇ ဦး[၂၆] |
| ၃။ | ဆင့်စာလုလင် | ၂၄ ဦး[၂၇] |
| ၄။ | ရုံးစောင့် | ၁ ဦး[၂၈] |

## ၃.၁၁ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအားလေ့ကျင့်သင်ကြားမှု (ရည်မှန်းချက် ၄.၁၊ ၄.၂)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)၏မဟာဗျူဟာ ရည်မှန်းချက် ၄.၁ တွင် တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်းနှင့် ပညာရပ်ဆိုင်ရာ တိုးတက်မှုမြင့်မားစေရန် ရည်မှန်းချက်ချမှတ်ထားပါသည်။ မဟာဗျူဟာ အစီအစဉ် ၄.၁.၂ အရ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ၏ ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှု အတွက် ပံ့ပိုးကူညီရန် အစီအစဉ်ချမှတ်ထားပြီး တရားစီရင်ရေးဂုဏ်သိက္ခာနှင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်များ၌ သင်တန်းများ၊ စွမ်းရည်မြှင့်တင်ခြင်းများဆောင်ရွက်ရန် လုပ်ငန်း အစီအစဉ် သတ်မှတ်ထားပါသည်။ ထို့ပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် မဟာဗျူဟာ စီမံကိန်း (၂၀၂၃-၂၀၂၇)၏ မဟာဗျူဟာရည်မှန်းချက် ၄.၂ တွင် တရားရုံးအရာထမ်း၊ အမှုထမ်း

[၂၅] ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ၃၁-၁-၂၀၂၄ ရက်စွဲပါ အမိန့်အမှတ် ၁၃/၂၀၂၄ (၂၃)ဦး နှင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ၆-၁၂-၂၀၂၄ ရက်စွဲပါ အမိန့်အမှတ် ၂၃၃/၂၀၂၄ (၁၃)ဦး

[၂၆] ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ၃၁-၁-၂၀၂၄ ရက်စွဲပါ အမိန့်အမှတ် ၁၄/၂၀၂၄ (၇)ဦး

[၂၇] ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ၃၁-၁-၂၀၂၄ ရက်စွဲပါ အမိန့်အမှတ် ၁၅/၂၀၂၄ (၄)ဦး နှင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ၆-၁၂-၂၀၂၄ ရက်စွဲပါ အမိန့်အမှတ် ၂၃၄/၂၀၂၄ (၂၀)ဦး

[၂၈] ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ၆-၁၂-၂၀၂၄ ရက်စွဲပါ အမိန့်အမှတ် ၂၃၅/၂၀၂၄ (၁)ဦး

များ၏ တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အရည်အသွေးမြင့်မားစေရေး ဆက်လက်ဆောင်ရွက်ရန် ရည်မှန်းချက် ချမှတ်ထားပါသည်။ မဟာဗျူဟာအစီအစဉ် ၄.၂.၅ အရ တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုမြှင့်တင်ခြင်း အစီအစဉ်ချမှတ်ထားပြီး တရားရုံးဝန်ထမ်းများ၏ ပညာရပ်ဆိုင်ရာအရည်အသွေးတိုးတက်စေရန် လေ့ကျင့်သင်ကြားပေးခြင်းလုပ်ငန်း အစီအစဉ် သတ်မှတ်ထားပါသည်။

၂၀၂၄ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားရေးအရာရှိများသည် ပြည်တွင်း/ပြည်ပသင်တန်းများကို စဉ်ဆက်မပြတ် တက်ရောက်ခဲ့ကြပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားရေးအရာရှိများ၏ ပြည်တွင်း၊ ပြည်ပသင်တန်းများ တက်ရောက်မှုအခြေအနေကို **နောက်ဆက်တွဲ (င)နှင့် (င-၁)**တို့တွင် ဖော်ပြထားပါသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သည် မိမိလက်အောက်ခံတရားရုံးအသီးသီးတွင်တာဝန်ထမ်းဆောင်နေသော အမှုထမ်းများ၏လုပ်ငန်းစွမ်းဆောင်မှု အရည်အသွေးတိုးတက်မြင့်မားလာစေရန် တရားရုံးဝန်ထမ်းများအရည်အသွေးမြှင့်သင်တန်းအမှတ်စဉ် ၁/၂၀၂၄ နှင့် ၂/၂၀၂၄ တို့ကို လည်း ၂၀၂၄ ခုနှစ်အတွင်း ဖွင့်လှစ်ပို့ချဆောင်ရွက်ခဲ့ပါသည်။





## ၃.၁၂ တရားရုံးဝန်ထမ်းများ ဘေးကင်းလုံခြုံရေး ဆောင်ရွက်ပေးခြင်း ( ရည်မှန်းချက် ၄.၃ )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)၏ မဟာဗျူဟာရည်မှန်းချက် ၄.၃ တွင် တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေးဆောင်ရွက်ပေးရန် ရည်မှန်းချက်ချမှတ်ထားရှိပြီး မဟာဗျူဟာအစီအစဉ် ၄.၃.၂ အရ တရားရုံးများ၏ ဘေးကင်းလုံခြုံမှုတိုးတက်စေရန် အစီအစဉ်ချမှတ်ထားပါသည်။ တရားရုံးများ၏ လုံခြုံရေးအတွက် CCTV ကင်မရာများ တပ်ဆင်ဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် အပါအဝင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားရုံး ( ၆၆ )ရုံးတွင် CCTV ကင်မရာ (၄၆၈)လုံး ကို တပ်ဆင်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစီအစဉ်ဖြင့် ဖြန့်ဝေပေးပို့သော Hand Held Metal Detector များအား ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တွင် (၅) ခု၊ ခရိုင်တရားရုံးများတွင် တစ်ရုံးလျှင် (၂) ခုနှုန်းနှင့် မြို့နယ်တရားရုံးများတွင် တစ်ရုံးလျှင် (၁) ခုနှုန်းဖြင့် စုစုပေါင်း (၇၇) ခု လက်ခံရရှိခဲ့ပြီး အသုံးပြုလျက်ရှိပါသည်။

## ၃.၁၃ တရားရုံးဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း ( ရည်မှန်းချက် ၄.၃ )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)၏ မဟာဗျူဟာရည်မှန်းချက် ၄.၃ တွင် တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေး ဆောင်ရွက်ပေးရန် ရည်မှန်းချက်ချမှတ်ထားပါသည်။ မဟာဗျူဟာအစီအစဉ် ၄.၃.၃ အရ လုံလောက်သည့် ဝန်ထမ်းအိမ်ရာများ ပံ့ပိုးပေးခြင်းအစီအစဉ် ချမှတ်ထားပါသည်။

တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို စိတ်အေးချမ်းသာစွာဖြင့်ဆောင်ရွက်နိုင်စေရန်နှင့် ၎င်းတို့၏ဘေးကင်းလုံခြုံရေးအတွက် ဖန်တီးပေးနိုင်ရန် ရည်ရွယ်လျက် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သည် ရန်ကုန်တိုင်းဒေသကြီး အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ အဆောက်အဦများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြီးကြပ်မှုဖြင့် တည်ဆောက်ပေးလျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားရေးအရာရှိများနှင့် အမှုထမ်းများ နေထိုင်နိုင်ရေး အတွက် သဃ်န်းကျွန်းမြို့နယ်တရားရုံး ဝန်ထမ်းအိမ်ရာ (၈)ခန်းတွဲ (၆)ထပ် အဆောက်အဦသစ်ကို ဆောက်လုပ်ပြီးစီး၍ ၂၅-၅-၂၀၂၄ ရက်နေ့တွင် ဖွင့်လှစ်ပြီးဖြစ်ပါသည်။





**သဃ်န်းကျွန်းမြို့နယ်တရားရုံးဝန်ထမ်းအိမ်ရာ ဖွင့်ပွဲအခမ်းအနား**

## ၃.၁၄ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (NCMP) အကောင်အထည်ဖော်ခြင်း (ရည်မှန်းချက် ၅.၁)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ၏ ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စတို့ကို တိုးမြှင့်ဆောင်ရွက်ရန်အတွက် မဟာဗျူဟာလုပ်ငန်းနယ်ပယ်(၅)ခုဖြင့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းချက်ချမှတ်၍ ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတစ်ဝန်းတရားရုံးများတွင် မှုခင်းစီမံခန့်ခွဲမှုတစ်ရပ်ကို အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ၂၀၁၈ ခုနှစ်မှ ၂၀၂၂ခုနှစ်အထိ (၅)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်အကဲဖြတ်၍ (၂၀၂၃-၂၀၂၇) ခုနှစ် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)၏ မဟာဗျူဟာရည်မှန်းချက် ၅.၁တွင် နိုင်ငံတစ်ဝန်းတရားရုံးများတွင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်(CMP) တစ်ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်မှန်းချက်ချမှတ်ခဲ့ပါသည်။

တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)အရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်(NCMP)အရ တရားရုံးများ၏ တရားစီရင်ရေးဆိုင်ရာ စွမ်းဆောင်ရည်ကို အောက်ပါစံနှုန်းများဖြင့် တိုင်းတာပါသည် -

- ❖ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း
- ❖ စစ်ဆေးဆဲအမှုများ၏ သက်တမ်း
- ❖ တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှု
- ❖ အမှုရွှေ့ဆိုင်းသည့်နှုန်း
- ❖ အမှုအလိုက်ကြားနာရန်ချိန်းဆိုသော ပျမ်းမျှရုံးချိန်းအရေအတွက်

## ၃.၁၅ မှုခင်းစီမံခန့်ခွဲမှုတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း

တရားရုံးများ၏ တရားစီရင်ရေး လုပ်ငန်းစွမ်းဆောင်နိုင်မှုအခြေအနေကို ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းဖြင့် တိုင်းတာသည်။ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းဟူသည် တရားရုံးသို့ စွဲဆိုတင်ပို့သည့် မှုခင်းပမာဏကို အမီလုပ်ဆောင်နိုင်သည့် တရားစီရင်ရေးဆိုင်ရာ စွမ်းရည်ကို တိုင်းတာရန် ပြက္ခဒိန်နှစ်အတွင်း တရားရုံးသို့ စွဲဆိုတင်ပို့သည့် အမှုအရေအတွက်နှင့် စစ်ဆေးဆုံးဖြတ်ခဲ့သော အမှုအရေအတွက်တို့၏ အချိုးအစားကို တွက်ချက်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် တရားရုံးသို့ စွဲဆိုတင်ပို့သည့် မှုခင်းပမာဏကို အမီလုပ်ဆောင်နိုင်သည့် တရားစီရင်ရေးဆိုင်ရာစွမ်းရည်ကို တိုင်းတာရန် ဖော်ပြခြင်းဖြစ်ပါသည်။

| အဓိကဆောင်ရွက်မှု အတိုင်းအတာ | တိုင်းတာမှု | ၂၀၂၃အခြေခံမျဉ်း | ၂၀၂၄ရည်မှန်းချက် |
|---|---|---|---|
| ပြက္ခဒိန်နှစ်အလိုက် အမှု ပြီးပြတ်နှုန်း | ရာဇဝတ်မှုပြီးပြတ်နှုန်း | ၁၀၀% | ၁၀၀% |
| | တရားမမှုပြီးပြတ်နှုန်း | ၉၅% | ၉၈% |
| | စုစုပေါင်းပြီးပြတ်မှုနှုန်း | ၉၈% | ၉၉% |

### ၃.၁၅.၁ မှုခင်းစီမံခန့်ခွဲမှု ခရိုင်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း

၂၀၂၄ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မှုခင်းစီမံခန့်ခွဲမှု ခရိုင်တရားရုံးများသို့ စွဲဆိုတင်ပို့သော အမှုပေါင်း ၃၀၈၉ မှုဖြစ်ပြီး၊ ပြီးပြတ်မှုမှာ ၄၇၂၃ မှု ဖြစ်ပါသည်။ ရာဇဝတ်နှင့် တရားမမှုများတွင် ရည်မှန်းချက်ထက် ကျော်လွန်အောင် စစ်ဆေးနိုင်ခဲ့ပါသည်။ မှုခင်းအားလုံး၏ ပြီးပြတ်နှုန်းမှာ ၁၅၃% ဖြစ်သဖြင့် ရည်မှန်းချက်ထက် ၅၄% ကျော်လွန် ပြီးပြတ်အောင် စစ်ဆေးနိုင်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ကြီးကြပ်မှုအောက်ရှိ မှုခင်းစီမံခန့်ခွဲမှု ခရိုင်တရားရုံးများ၏ ရာဇဝတ်ဆိုင်ရာအမှုများနှင့် တရားမဆိုင်ရာအမှုများ၏ ပြက္ခဒိန်နှစ်အလိုက် ပြီးပြတ်မှုနှုန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ဇယား-၁) မှုခင်းစီမံခန့်ခွဲမှု ခရိုင်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း

| ခုနှစ် | အမှုအမျိုးအစား | စွဲဆိုမှု | ပြီးပြတ်မှု | အမှုပြီးပြတ်နှုန်း |
|---|---|---|---|---|
| ၂၀၂၃ ခုနှစ် | ရာဇဝတ် | ၁၆၅၃ | ၂၁၇၉ | ၁၃၁% |
| | တရားမ | ၂၅၇၃ | ၃၃၃၁ | ၁၂၉% |
| | **စုစုပေါင်း** | **၄၂၂၆** | **၅၅၁၀** | **၁၃၀%** |
| ၂၀၂၄ ခုနှစ် | ရာဇဝတ် | ၁၀၅၃ | ၁၀၅၄ | ၁၀၀% |
| | တရားမ | ၂၀၃၆ | ၃၆၆၉ | ၁၈၀% |
| | **စုစုပေါင်း** | **၃၀၈၉** | **၄၇၂၃** | **၁၅၃%** |









## မှုခင်းစီမံခန့်ခွဲမှု ခရိုင်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း

မှုခင်းစီမံခန့်ခွဲမှု ခရိုင်တရားရုံးများ၏ အမှုများစစ်ဆေးပြီးပြတ်မှုနှင့်စပ်လျဉ်း၍ ကမာရွတ်ခရိုင်တရားရုံးမှအပ ကျန်ခရိုင်တရားရုံး (၁၃)ရုံးသည် ရည်မှန်းချက်ဖြစ်သည့် ရာဇဝတ်နှင့်တရားမ စုစုပေါင်း ပြီးပြတ်မှုနှုန်း ၉၉%ထက် ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

| စဉ် | တရားရုံးအမည် | အမှုအမျိုးအစား | ၂၀၂၃ခုနှစ် ရလဒ် | ၂၀၂၄ခုနှစ် ရလဒ် |
|---|---|---|---|---|
| ၁ | တိုက်ကြီးခရိုင်တရားရုံး | ရာဇဝတ် | ၂၅၂% | ၁၂၂% |
| | | တရားမ | ၂၅၃% | ၂၁၁% |
| | | စုစုပေါင်း | ၂၅၅% | ၁၆၇% |
| ၂ | လှည်းကူးခရိုင်တရားရုံး | ရာဇဝတ် | ၁၇၁% | ၁၂၅% |
| | | တရားမ | ၉၁% | ၁၇၃% |
| | | စုစုပေါင်း | ၁၃၁% | ၁၄၉% |
| ၃ | မှော်ဘီခရိုင်တရားရုံး | ရာဇဝတ် | ၂၃၆% | ၁၂၀% |
| | | တရားမ | ၁၁၇% | ၂၅၅% |
| | | စုစုပေါင်း | ၁၇၇% | ၁၈၈% |
| ၄ | မင်္ဂလာဒုံခရိုင်တရားရုံး | ရာဇဝတ် | ၁၀၉% | ၉၂% |
| | | တရားမ | ၉၅% | ၂၂၀% |
| | | စုစုပေါင်း | ၁၀၂% | ၁၅၆% |
| ၅ | အင်းစိန်ခရိုင်တရားရုံး | ရာဇဝတ် | ၁၃၀% | ၉၀% |
| | | တရားမ | ၉၅% | ၁၇၁% |
| | | စုစုပေါင်း | ၂၂၅% | ၁၃၁% |
| ၆ | သဃ်င်္န်းကျွန်းခရိုင်တရားရုံး | ရာဇဝတ် | ၁၁၂% | ၈၂% |
| | | တရားမ | ၁၄၀% | ၁၇၅% |
| | | စုစုပေါင်း | ၁၂၆% | ၁၂၉% |
| ၇ | ဗိုလ်တထောင်ခရိုင်တရားရုံး | ရာဇဝတ် | ၁၃၃% | ၁၁၁% |
| | | တရားမ | ၁၂၀% | ၁၈၁% |
| | | စုစုပေါင်း | ၁၂၇% | ၁၄၆% |

## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

| စဉ် | တရားရုံးအမည် | အမှုအမျိုးအစား | ၂၀၂၃ခုနှစ် ရလဒ် | ၂၀၂၄ခုနှစ် ရလဒ် |
|---|---|---|---|---|
| ၈ | ဒဂုံမြို့သစ်ခရိုင်တရားရုံး | ရာဇဝတ် | ၁၂၆% | ၉၂% |
| | | တရားမ | ၁၀၉% | ၁၅၄% |
| | | စုစုပေါင်း | ၁၁၈% | ၁၂၃% |
| ၉ | သန်လျင်ခရိုင်တရားရုံး | ရာဇဝတ် | ၁၁၃% | ၉၁% |
| | | တရားမ | ၁၃၆% | ၂၅၂% |
| | | စုစုပေါင်း | ၁၀၄% | ၁၇၂% |
| ၁၀ | တွံတေးခရိုင်တရားရုံး | ရာဇဝတ် | ၁၅၈% | ၁၁၁% |
| | | တရားမ | ၉၉% | ၂၂၃% |
| | | စုစုပေါင်း | ၁၂၉% | ၁၆၇% |
| ၁၁ | ကျောက်တံတားခရိုင်တရားရုံး | ရာဇဝတ် | ၁၂၀% | ၈၁% |
| | | တရားမ | ၂၀၁% | ၁၆၀% |
| | | စုစုပေါင်း | ၁၆၁% | ၁၂၁% |
| ၁၂ | အလုံခရိုင်တရားရုံး | ရာဇဝတ် | ၁၂၉% | ၁၂၉% |
| | | တရားမ | ၁၅၇% | ၁၄၁% |
| | | စုစုပေါင်း | ၁၄၃% | ၁၃၅% |
| ၁၃ | မရမ်းကုန်းခရိုင်တရားရုံး | ရာဇဝတ် | ၁၄၁% | ၁၁၀% |
| | | တရားမ | ၁၇၀% | ၁၈၁% |
| | | စုစုပေါင်း | ၁၅၆% | ၁၄၆% |
| ၁၄ | ကမာရွတ်ခရိုင်တရားရုံး | ရာဇဝတ် | ၃၄၁% | ၈၀% |
| | | တရားမ | ၁၁၇% | ၆၅% |
| | | စုစုပေါင်း | ၂၂၉% | ၇၃% |

## ၃.၁၅.၂ မှုခင်းစီမံခန့်ခွဲမှု မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်မှုနှုန်း

၂၀၂၄ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ကြီးကြပ်မှုအောက်ရှိ မြို့နယ် တရားရုံး များသို့ စွဲဆိုတင်ပို့သော အမှုပေါင်း ၂၇၅၅၈ မှုဖြစ်ပြီး၊ ပြီးပြတ်မှုမှာ ၂၈၄၀၄ မှု ဖြစ်ပါသည်။ ရာဇဝတ်နှင့် တရားမမှုခင်းများကို ရည်မှန်းချက်ထက်ကျော်လွန်အောင် စစ်ဆေးစီရင်နိုင်ခဲ့ပါသည်။ မှုခင်းအားလုံး၏ ပြီးပြတ်နှုန်းမှာ ၁၀၃% ဖြစ်သဖြင့် ရည်မှန်းချက်ထက် ၄% ကျော်လွန်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ကြီးကြပ်မှုအောက်ရှိ မြို့နယ်တရားရုံးများ ၏ ရာဇဝတ်ဆိုင်ရာအမှုများနှင့် တရားမဆိုင်ရာအမှုများ၏ ပြက္ခဒိန်နှစ်အလိုက် ပြီးပြတ်မှုနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(ဇယား-၂) မှုခင်းစီမံခန့်ခွဲမှု မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်မှုနှုန်း**

| ခုနှစ် | အမှုအမျိုးအစား | စွဲဆိုမှု | ပြီးပြတ်မှု | အမှုပြီးပြတ်နှုန်း |
|---|---|---|---|---|
| ၂၀၂၃ခုနှစ် | ရာဇဝတ် | ၂၈၃၀၆ | ၃၁၉၇၅ | ၁၁၃% |
| | တရားမ | ၁၄၉၄ | ၁၉၇၃ | ၁၃၂% |
| | စုစုပေါင်း | ၂၉၈၀၀ | ၃၃၉၄၈ | ၁၁၄% |
| ၂၀၂၄ ခုနှစ် | ရာဇဝတ် | ၂၅၃၉၁ | ၂၆၁၈၀ | ၁၀၃% |
| | တရားမ | ၂၁၆၇ | ၂၂၂၄ | ၁၀၃% |
| | စုစုပေါင်း | ၂၇၅၅၈ | ၂၈၄၀၄ | ၁၀၃% |









ကိုကိုးကျွန်းမြို့နယ်တရားရုံးသည် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အရ တရားရုံးမဟုတ်သဖြင့် ထည့်သွင်း ဖော်ပြထားခြင်း မရှိပါ။

ရာဇဝတ်မှုများစစ်ဆေးပြီးပြတ်မှုနှင့်စပ်လျဉ်း၍ တိုက်ကြီးမြို့နယ်တရားရုံး၊ ထန်းတပင်မြို့နယ်တရားရုံး ၊ ရွှေပြည်သာမြို့နယ်တရားရုံး၊ အင်းစိန်မြို့နယ်တရားရုံး၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်တရားရုံး၊ သဃ်န်းကျွန်းမြို့နယ်တရားရုံး၊ ရန်ကင်းမြို့နယ်တရားရုံး၊ ဒေါပုံမြို့နယ်တရားရုံး၊ မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၊ ပုဇွန်တောင်မြို့နယ်တရားရုံး၊ သာကေတမြို့နယ်တရားရုံး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၊ ဒဂုံဆိပ်ကမ်းမြို့နယ်တရားရုံး၊ ကျောက်တန်းမြို့နယ်တရားရုံး၊ ကော့မှူးမြို့နယ်တရားရုံး၊ ကျောက်တံတားမြို့နယ်တရားရုံး၊ ပန်းဘဲတန်းမြို့နယ်တရားရုံး၊ လသာမြို့နယ်တရားရုံး၊ ဒဂုံမြို့နယ်တရားရုံး၊ အလုံမြို့နယ်တရားရုံး၊ စမ်းချောင်းမြို့နယ်တရားရုံး၊ ကမာရွတ်မြို့နယ်တရားရုံးနှင့် ဗဟန်းမြို့နယ်တရားရုံးများသည် ရည်မှန်းချက်ကို ပြည့်မီအောင် စစ်ဆေးစီရင်နိုင်ခြင်းမရှိပါ။ သို့ရာတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်တရားရုံး (၄၄)ရုံး၏ ရာဇဝတ် တရားမစုစုပေါင်းပြီးပြတ်နှုန်းသည် ၁၀၃%ဖြစ်၍ ၂၀၂၃ ရည်မှန်းချက်ဖြစ်သည့် ၉၉% ထက်ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**(ဇယား-၃) မှုခင်းစီမံခန့်ခွဲမှု မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်မှုနှုန်း**

| စဉ် | တရားရုံးအမည် | အမှုအမျိုးအစား | ၂၀၂၃ခုနှစ် ရလဒ်များ | ၂၀၂၄ခုနှစ် ရလဒ်များ |
|---|---|---|---|---|
| ၁ | တိုက်ကြီးမြို့နယ်တရားရုံး | ရာဇဝတ် | ၁၁၀% | ၈၇% |
| | | တရားမ | ၁၉၁% | ၇၉% |
| | | စုစုပေါင်း | ၁၅၁% | ၈၃% |

| စဉ် | တရားရုံးအမည် | အမှုအမျိုးအစား | ၂၀၂၃ခုနှစ် ရလဒ်များ | ၂၀၂၄ခုနှစ် ရလဒ်များ |
|---|---|---|---|---|
| ၂ | လှည်းကူးမြို့နယ်တရားရုံး | ရာဇဝတ် | ၁၀၁% | ၁၀၁% |
| | | တရားမ | ၁၆၉% | ၉၉% |
| | | **စုစုပေါင်း** | **၁၃၅%** | **၁၀၀%** |
| ၃ | မှော်ဘီမြို့နယ်တရားရုံး | ရာဇဝတ် | ၁၀၅% | ၉၇% |
| | | တရားမ | ၁၃၁% | ၁၀၀% |
| | | **စုစုပေါင်း** | **၁၁၈%** | **၉၉%** |
| ၄ | ထန်းတပင်မြို့နယ်တရားရုံး | ရာဇဝတ် | ၉၇% | ၉၇% |
| | | တရားမ | ၁၀၀% | ၈၆% |
| | | **စုစုပေါင်း** | **၉၉%** | **၉၂%** |
| ၅ | မင်္ဂလာဒုံမြို့နယ်တရားရုံး | ရာဇဝတ် | ၁၀၁% | ၁၀၃% |
| | | တရားမ | ၁၁၅% | ၁၁၂% |
| | | **စုစုပေါင်း** | **၁၀၈%** | **၁၀၈%** |
| ၆ | ရွှေပြည်သာမြို့နယ်တရားရုံး | ရာဇဝတ် | ၁၀၄% | ၁၀၁% |
| | | တရားမ | ၁၂၇% | ၈၄% |
| | | **စုစုပေါင်း** | **၁၁၆%** | **၉၃%** |
| ၇ | အင်းစိန်မြို့နယ်တရားရုံး | ရာဇဝတ် | ၁၀၃% | ၁၀၁% |
| | | တရားမ | ၁၁၉% | ၉၁% |
| | | **စုစုပေါင်း** | **၁၁၁%** | **၉၆%** |
| ၈ | လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်တရားရုံး | ရာဇဝတ် | ၁၀၅% | ၁၀၄% |
| | | တရားမ | ၁၇၇% | ၁၀၃% |
| | | **စုစုပေါင်း** | **၁၄၁%** | **၁၀၄%** |
| ၉ | လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်တရားရုံး | ရာဇဝတ် | ၉၅% | ၁၀၄% |
| | | တရားမ | ၂၄၆% | ၆၈% |
| | | **စုစုပေါင်း** | **၁၇၁%** | **၈၆%** |
| ၁၀ | သဃ်န်းကျွန်းမြို့နယ်တရားရုံး | ရာဇဝတ် | ၁၀၉% | ၁၀၂% |
| | | တရားမ | ၁၄၅% | ၈၂% |
| | | **စုစုပေါင်း** | **၁၂၇%** | **၉၂%** |

## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

| စဉ် | တရားရုံးအမည် | အမှုအမျိုးအစား | ၂၀၂၃ခုနှစ် ရလဒ်များ | ၂၀၂၄ခုနှစ် ရလဒ်များ |
|---|---|---|---|---|
| ၁၁ | တောင်ဥက္ကလာပ မြို့နယ်တရားရုံး | ရာဇဝတ် | ၁၁၄% | ၁၄၃% |
| | | တရားမ | ၁၀၁% | ၈၂% |
| | | စုစုပေါင်း | ၁၀၈% | ၁၁၃% |
| ၁၂ | ရန်ကင်းမြို့နယ်တရားရုံး | ရာဇဝတ် | ၁၂၀% | ၉၆% |
| | | တရားမ | ၁၀၈% | ၇၄% |
| | | စုစုပေါင်း | ၁၁၄% | ၈၅% |
| ၁၃ | တာမွေမြို့နယ်တရားရုံး | ရာဇဝတ် | ၁၀၇% | ၁၀၆% |
| | | တရားမ | ၁၂၄% | ၁၀၇% |
| | | စုစုပေါင်း | ၁၁၆% | ၁၀၇% |
| ၁၄ | ဗိုလ်တထောင်မြို့နယ်တရားရုံး | ရာဇဝတ် | ၁၀၇% | ၁၅၁% |
| | | တရားမ | ၁၄၀% | ၉၀% |
| | | စုစုပေါင်း | ၁၂၄% | ၁၂၁% |
| ၁၅ | ဒေါပုံမြို့နယ်တရားရုံး | ရာဇဝတ် | ၁၀၇% | ၁၀၁% |
| | | တရားမ | ၁၁၈% | ၇၂% |
| | | စုစုပေါင်း | ၁၂၃% | ၈၇% |
| ၁၆ | မင်္ဂလာတောင်ညွန့် မြို့နယ်တရားရုံး | ရာဇဝတ် | ၁၀၁% | ၉၆% |
| | | တရားမ | ၈၂% | ၅၃% |
| | | စုစုပေါင်း | ၉၂% | ၇၅% |
| ၁၇ | ပုဇွန်တောင်မြို့နယ်တရားရုံး | ရာဇဝတ် | ၁၀၃% | ၉၈% |
| | | တရားမ | ၃၅၀% | ၃၈% |
| | | စုစုပေါင်း | ၂၂၇% | ၆၈% |
| ၁၈ | သာကေတမြို့နယ်တရားရုံး | ရာဇဝတ် | ၁၀၃% | ၁၀၀% |
| | | တရားမ | ၁၂၉% | ၇၉% |
| | | စုစုပေါင်း | ၁၁၆% | ၉၀% |
| ၁၉ | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တရားရုံး | ရာဇဝတ် | ၁၀၅% | ၉၈% |
| | | တရားမ | ၉၀% | ၁၀၀% |
| | | စုစုပေါင်း | ၉၈% | ၉၉% |

| စဉ် | တရားရုံးအမည် | အမှုအမျိုးအစား | ၂၀၂၃ခုနှစ် ရလဒ်များ | ၂၀၂၄ခုနှစ် ရလဒ်များ |
|---|---|---|---|---|
| ၂၀ | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တရားရုံး | ရာဇဝတ် | ၈၈% | ၉၇% |
| | | တရားမ | ၉၉% | ၉၀% |
| | | စုစုပေါင်း | ၉၁% | ၉၄% |
| ၂၁ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တရားရုံး | ရာဇဝတ် | ၉၇% | ၁၂၄% |
| | | တရားမ | ၉၂% | ၈၂% |
| | | စုစုပေါင်း | ၉၅% | ၁၀၃% |
| ၂၂ | ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်တရားရုံး | ရာဇဝတ် | ၁၀၇% | ၉၇% |
| | | တရားမ | ၁၀၀% | ၆၃% |
| | | စုစုပေါင်း | ၁၀၄% | ၈၀% |
| ၂၃ | သန်လျင်မြို့နယ်တရားရုံး | ရာဇဝတ် | ၁၀၈% | ၁၀၆% |
| | | တရားမ | ၁၁၁% | ၁၀၁% |
| | | စုစုပေါင်း | ၁၁၀% | ၁၀၄% |
| ၂၄ | ကျောက်တန်းမြို့နယ်တရားရုံး | ရာဇဝတ် | ၁၀၀% | ၁၀၄% |
| | | တရားမ | ၁၃၄% | ၈၈% |
| | | စုစုပေါင်း | ၁၁၇% | ၉၆% |
| ၂၅ | သုံးခွမြို့နယ်တရားရုံး | ရာဇဝတ် | ၁၁၃% | ၁၂၄% |
| | | တရားမ | ၁၁၉% | ၈၇% |
| | | စုစုပေါင်း | ၁၁၆% | ၁၀၆% |
| ၂၆ | ခရမ်းမြို့နယ်တရားရုံး | ရာဇဝတ် | ၉၃% | ၉၃% |
| | | တရားမ | ၀% | ၂၇၈% |
| | | စုစုပေါင်း | ၄၇% | ၁၈၆% |
| ၂၇ | တွံတေးမြို့နယ်တရားရုံး | ရာဇဝတ် | ၇၆% | ၁၈၈% |
| | | တရားမ | ၉၇% | ၁၆၃% |
| | | စုစုပေါင်း | ၈၇% | ၁၇၆% |
| ၂၈ | ဆိပ်ကြီးခနောင်တိုမြို့နယ်တရားရုံး | ရာဇဝတ် | ၁၀၇% | ၁၁၃% |
| | | တရားမ | ၁၃၆% | ၂၀၀% |
| | | စုစုပေါင်း | ၁၂၂% | ၁၅၇% |

## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

| စဉ် | တရားရုံးအမည် | အမှုအမျိုးအစား | ၂၀၂၃ခုနှစ် ရလဒ်များ | ၂၀၂၄ခုနှစ် ရလဒ်များ |
|---|---|---|---|---|
| ၂၉ | ဒလမြို့နယ်တရားရုံး | ရာဇဝတ် | ၁၀၆% | ၁၁၂% |
| | | တရားမ | ၁၄၄% | ၁၁၉% |
| | | စုစုပေါင်း | ၁၂၅% | ၁၁၆% |
| ၃၀ | ကော့မှူးမြို့နယ်တရားရုံး | ရာဇဝတ် | ၁၃၇% | ၈၉% |
| | | တရားမ | ၁၉၇% | ၁၀၇% |
| | | စုစုပေါင်း | ၁၆၇% | ၉၈% |
| ၃၁ | ကွမ်းခြံကုန်းမြို့နယ်တရားရုံး | ရာဇဝတ် | ၉၃% | ၁၀၉% |
| | | တရားမ | ၁၂၆% | ၉၅% |
| | | စုစုပေါင်း | ၁၁၀% | ၁၀၂% |
| ၃၂ | ကျောက်တံတားမြို့နယ်တရားရုံး | ရာဇဝတ် | ၁၁၃% | ၁၀၀% |
| | | တရားမ | ၈၃၃% | ၃၃% |
| | | စုစုပေါင်း | ၄၇၃% | ၆၇% |
| ၃၃ | ပန်းဘဲတန်းမြို့နယ်တရားရုံး | ရာဇဝတ် | ၁၀၆% | ၁၀၁% |
| | | တရားမ | ၂၀၀% | ၉၀% |
| | | စုစုပေါင်း | ၁၅၃% | ၉၆% |
| ၃၄ | လသာမြို့နယ်တရားရုံး | ရာဇဝတ် | ၁၁၇% | ၈၈% |
| | | တရားမ | ၆၀% | ၈၈% |
| | | စုစုပေါင်း | ၈၉% | ၈၈% |
| ၃၅ | လမ်းမတော်မြို့နယ်တရားရုံး | ရာဇဝတ် | ၁၀၂% | ၉၄% |
| | | တရားမ | ၃၀၀% | ၁၂၉% |
| | | စုစုပေါင်း | ၂၀၁% | ၁၁၂% |
| ၃၆ | ဒဂုံမြို့နယ်တရားရုံး | ရာဇဝတ် | ၁၀၂% | ၁၀၈% |
| | | တရားမ | ၇၅% | ၇၈% |
| | | စုစုပေါင်း | ၈၉% | ၉၃% |
| ၃၇ | အလုံမြို့နယ်တရားရုံး | ရာဇဝတ် | ၁၀၄% | ၉၉% |
| | | တရားမ | ၄၀၀% | ၅၇% |
| | | စုစုပေါင်း | ၂၅၂% | ၇၈% |

| စဉ် | တရားရုံးအမည် | အမှုအမျိုးအစား | ၂၀၂၃ခုနှစ် ရလဒ်များ | ၂၀၂၄ခုနှစ် ရလဒ်များ |
|---|---|---|---|---|
| ၃၈ | ကြည့်မြင်တိုင်မြို့နယ်တရားရုံး | ရာဇဝတ် | ၁၁၃% | ၁၀၄% |
| | | တရားမ | ၁၈၆% | ၁၀၆% |
| | | စုစုပေါင်း | ၁၅၀% | ၁၀၅% |
| ၃၉ | စမ်းချောင်းမြို့နယ်တရားရုံး | ရာဇဝတ် | ၁၀၅% | ၁၀၂% |
| | | တရားမ | ၁၆၇% | ၅၈% |
| | | စုစုပေါင်း | ၁၃၆% | ၈၀% |
| ၄၀ | မရမ်းကုန်းမြို့နယ်တရားရုံး | ရာဇဝတ် | ၂၀၀% | ၁၃၅% |
| | | တရားမ | ၉၈% | ၁၅၁% |
| | | စုစုပေါင်း | ၁၄၉% | ၁၄၃% |
| ၄၁ | လှိုင်မြို့နယ်တရားရုံး | ရာဇဝတ် | ၁၁၀% | ၁၁၀% |
| | | တရားမ | ၂၂၈% | ၁၁၀% |
| | | စုစုပေါင်း | ၁၆၉% | ၁၁၀% |
| ၄၂ | မြောက်ဥက္ကလာပမြို့နယ်တရားရုံး | ရာဇဝတ် | ၁၁၀% | ၁၁၃% |
| | | တရားမ | ၁၁၆% | ၁၂၁% |
| | | စုစုပေါင်း | ၁၁၃% | ၁၁၇% |
| ၄၃ | ကမာရွတ်မြို့နယ်တရားရုံး | ရာဇဝတ် | ၁၁၇% | ၁၀၂% |
| | | တရားမ | ၁၆၇% | ၈၃% |
| | | စုစုပေါင်း | ၁၄၂% | ၉၃% |
| ၄၄ | ဗဟန်းမြို့နယ်တရားရုံး | ရာဇဝတ် | ၁၀၆% | ၁၀၁% |
| | | တရားမ | ၂၃၃% | ၇၃ |
| | | စုစုပေါင်း | ၁၇၀% | ၈၇% |

## ၃.၁၆ မှုခင်းစီမံခန့်ခွဲမှုတရားရုံးများ၏ စစ်ဆေးဆဲအမှုများသက်တမ်း

မှုခင်းစီမံခန့်ခွဲမှုတရားရုံးများ၏ စစ်ဆေးဆဲအမှုများသက်တမ်းသည် သတ်မှတ်ကာလ ကျော်လွန်သည့် အမှုအရေအတွက်နှင့် စုစုပေါင်းစစ်ဆေးဆဲ အမှုအရေအတွက် အချိုးအစားဖြစ်ပါသည်။ မှုခင်းစီမံခန့်ခွဲမှု တရားရုံးများတွင် အချိန်သတ်မှတ်ချက် ကျော်လွန်နေသောစစ်ဆေးဆဲအမှုများ၏ ကြန့်ကြာမှုကို လျှော့ချရန် ရည်ရွယ်၍ လျာထားသတ်မှတ်ထားခြင်းဖြစ်ပါသည်။

| အဓိကဆောင်ရွက်မှု အတိုင်းအတာ | တိုင်းတာမှု | ၂၀၂၃အခြေခံမျဉ်း | ၂၀၂၄ ရည်မှန်းချက် |
|---|---|---|---|
| **စစ်ဆေးဆဲအမှုများ သက်တမ်း** | ၁၂လအထက် စစ်ဆေးဆဲရာဇဝတ်မှု | ၂၃% | ၆% |
| | ၃၆လအထက် စစ်ဆေးဆဲရာဇဝတ်မှု | ၁၁% | ၃% |

၂၀၂၄ ခုနှစ်အတွင်း စစ်ဆေးဆဲအမှုများသက်တမ်းကို ရည်မှန်းချက်အတိုင်း ပြည့်မီအောင် ဆောင်ရွက်နိုင်မှု မရှိခဲ့ပါ။

### ၃.၁၆.၁ ၂၀၂၄ ခုနှစ် NCMP ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲအမှုများသက်တမ်း

၂၀၂၄ ခုနှစ်အတွင်း NCMPခရိုင်တရားရုံးများ၏ စစ်ဆေးဆဲအမှုများသက်တမ်းကို ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိပါ။ ရာဇဝတ်မှုများတွင်မှု အခြေခံမျဉ်းအောက် လျှော့နည်းအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

| အမှုအမျိုး အစား | ၂၀၂၃အခြေခံမျဉ်း | ၂၀၂၃ရလဒ် | ၂၀၂၄ရလဒ် |
|---|---|---|---|
| **ရာဇဝတ်မှု** | ၂၃% | ၈% | ၅% |
| **တရားမမှု** | ၁၁% | ၃၅% | ၂၅% |




၂၀၂၄ ခုနှစ် NCMP ခရိုင်တရားရုံး(၁၄)ရုံး၏ စစ်ဆေးဆဲအမှုများသက်တမ်းမှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | တရားရုံးအမည် | အမှုအမျိုးအစား | ၂၀၂၃ခုနှစ်ရလဒ် | ၂၀၂၄ခုနှစ်ရလဒ် |
|---|---|---|---|---|
| ၁ | တိုက်ကြီးခရိုင်တရားရုံး | ရာဇဝတ် | ၂၇% | ၀% |
| | | တရားမ | ၄၉% | ၂၉% |
| ၂ | လှည်းကူးခရိုင်တရားရုံး | ရာဇဝတ် | ၆% | ၂၀% |
| | | တရားမ | ၂၈% | ၂၂% |
| ၃ | မှော်ဘီခရိုင်တရားရုံး | ရာဇဝတ် | ၂၉% | ၀% |
| | | တရားမ | ၄၀% | ၂၉% |
| ၄ | မင်္ဂလာဒုံခရိုင်တရားရုံး | ရာဇဝတ် | ၀% | ၀% |
| | | တရားမ | ၂၉% | ၂၁% |
| ၅ | အင်းစိန်ခရိုင်တရားရုံး | ရာဇဝတ် | ၀% | ၄% |
| | | တရားမ | ၃၃% | ၂၆% |
| ၆ | သဃ်္ဃန်းကျွန်းခရိုင်တရားရုံး | ရာဇဝတ် | ၄% | ၅% |
| | | တရားမ | ၃၉% | ၂၈% |
| ၇ | ဗိုလ်တထောင်ခရိုင်တရားရုံး | ရာဇဝတ် | ၁၃% | ၇% |
| | | တရားမ | ၄၀% | ၃၂% |
| ၈ | ဒဂုံမြို့သစ်ခရိုင်တရားရုံး | ရာဇဝတ် | ၀% | ၀% |
| | | တရားမ | ၂၇% | ၂၁% |

## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

| စဉ် | တရားရုံးအမည် | အမှုအမျိုးအစား | ၂၀၂၃ခုနှစ်ရလဒ် | ၂၀၂၄ခုနှစ်ရလဒ် |
|---|---|---|---|---|
| ၉ | သန်လျင်ခရိုင်တရားရုံး | ရာဇဝတ် | ၀% | ၁၅% |
| | | တရားမ | ၄၀% | ၃၄% |
| ၁၀ | တွံတေးခရိုင်တရားရုံး | ရာဇဝတ် | ၅% | ၈% |
| | | တရားမ | ၃၅% | ၂၀% |
| ၁၁ | ကျောက်တံတားခရိုင်တရားရုံး | ရာဇဝတ် | ၀% | ၅% |
| | | တရားမ | ၂၀% | ၂၃% |
| ၁၂ | အလုံခရိုင်တရားရုံး | ရာဇဝတ် | ၁၀% | ၆% |
| | | တရားမ | ၃၀% | ၁၆% |
| ၁၃ | မရမ်းကုန်းခရိုင်တရားရုံး | ရာဇဝတ် | ၃% | ၄% |
| | | တရားမ | ၄၃% | ၁၉% |
| ၁၄ | ကမာရွတ်ခရိုင်တရားရုံး | ရာဇဝတ် | ၁၁% | ၀% |
| | | တရားမ | ၃၂% | ၂၄% |

### ၃.၁၆.၂ ၂၀၂၄ ခုနှစ် NCMP မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲအမှုများသက်တမ်း

၂၀၂၄ ခုနှစ်အတွင်း NCMPမြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲအမှုများသက်တမ်းကို ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိပါ။

| အမှုအမျိုးအစား | ၂၀၂၃ အခြေခံမျဉ်း | ၂၀၂၃ ရလဒ် | ၂၀၂၄ ရလဒ် |
|---|---|---|---|
| **ရာဇဝတ်မှု** | ၁၃% | ၃၂% | ၂၆% |
| **တရားမမှု** | ၁၁% | ၂၀% | ၈% |



၂၀၂၄ ခုနှစ် NCMP မြို့နယ်တရားရုံး (၄၄)ရုံး၏ စစ်ဆေးဆဲအမှုများသက်တမ်းမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | တရားရုံးအမည် | အမှုအမျိုးအစား | ၂၀၂၃ခုနှစ် ရလဒ်များ | ၂၀၂၄ခုနှစ် ရလဒ်များ |
|---|---|---|---|---|
| ၁ | တိုက်ကြီးမြို့နယ်တရားရုံး | ရာဇဝတ် | ၂၉% | ၁၄% |
| | | တရားမ | ၀% | ၄% |
| ၂ | လှည်းကူးမြို့နယ်တရားရုံး | ရာဇဝတ် | ၄၉% | ၃၉% |
| | | တရားမ | ၃၁% | ၄% |
| ၃ | မှော်ဘီမြို့နယ်တရားရုံး | ရာဇဝတ် | ၂၇% | ၁၃% |
| | | တရားမ | ၁၆% | ၈% |
| ၄ | ထန်းတပင်မြို့နယ်တရားရုံး | ရာဇဝတ် | ၀% | ၀% |
| | | တရားမ | ၀% | ၅% |
| ၅ | မင်္ဂလာဒုံမြို့နယ်တရားရုံး | ရာဇဝတ် | ၃၃% | ၂၉% |
| | | တရားမ | ၁၇% | ၁၄% |
| ၆ | ရွှေပြည်သာမြို့နယ်တရားရုံး | ရာဇဝတ် | ၁၇% | ၂၁% |
| | | တရားမ | ၁၁% | ၃% |
| ၇ | အင်းစိန်မြို့နယ်တရားရုံး | ရာဇဝတ် | ၂၄% | ၂၇% |
| | | တရားမ | ၁၆% | ၀% |
| ၈ | လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်တရားရုံး | ရာဇဝတ် | ၂၂% | ၁၅% |
| | | တရားမ | ၃၂% | ၂၁% |
| ၉ | လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်တရားရုံး | ရာဇဝတ် | ၇% | ၂၆% |
| | | တရားမ | ၁၃% | ၀% |
| ၁၀ | သဃ်န်းကျွန်းမြို့နယ်တရားရုံး | ရာဇဝတ် | ၄၉% | ၄၂% |
| | | တရားမ | ၁၉% | ၁၆% |
| ၁၁ | တောင်ဥက္ကလာပမြို့နယ်တရားရုံး | ရာဇဝတ် | ၂၃% | ၃၁% |
| | | တရားမ | ၃၂% | ၂% |
| ၁၂ | ရန်ကင်းမြို့နယ်တရားရုံး | ရာဇဝတ် | ၂၇% | ၁၅% |
| | | တရားမ | ၀% | ၀% |
| ၁၃ | တာမွေမြို့နယ်တရားရုံး | ရာဇဝတ် | ၂၈% | ၂၆% |
| | | တရားမ | ၂၁% | ၉% |
| ၁၄ | ဗိုလ်တထောင်မြို့နယ်တရားရုံး | ရာဇဝတ် | ၄၉% | ၃၇% |
| | | တရားမ | ၈% | ၈% |
| ၁၅ | ဒေါပုံမြို့နယ်တရားရုံး | ရာဇဝတ် | ၂၄% | ၂၃% |
| | | တရားမ | ၂၀% | ၆% |

## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

| စဉ် | တရားရုံးအမည် | အမှုအမျိုးအစား | ၂၀၂၃ခုနှစ် ရလဒ်များ | ၂၀၂၄ခုနှစ် ရလဒ်များ |
|---|---|---|---|---|
| ၁၆ | မင်္ဂလာတောင်ညွန့် မြို့နယ်တရားရုံး | ရာဇဝတ် | ၄၀% | ၃၇% |
| | | တရားမ | ၁၃% | ၈% |
| ၁၇ | ပုဇွန်တောင်မြို့နယ်တရားရုံး | ရာဇဝတ် | ၄၀% | ၁၉% |
| | | တရားမ | ၀% | ၀% |
| ၁၈ | သာကေတမြို့နယ်တရားရုံး | ရာဇဝတ် | ၂၈% | ၁၉% |
| | | တရားမ | ၃၀% | ၁၀% |
| ၁၉ | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တရားရုံး | ရာဇဝတ် | ၃၇% | ၂၇% |
| | | တရားမ | ၈% | ၃% |
| ၂၀ | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တရားရုံး | ရာဇဝတ် | ၂၆% | ၂၈% |
| | | တရားမ | ၆% | ၂% |
| ၂၁ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တရားရုံး | ရာဇဝတ် | ၃၁% | ၃၃% |
| | | တရားမ | ၁၆% | ၃% |
| ၂၂ | ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်တရားရုံး | ရာဇဝတ် | ၂၈% | ၁၇% |
| | | တရားမ | ၄၆% | ၉% |
| ၂၃ | သန်လျင်မြို့နယ်တရားရုံး | ရာဇဝတ် | ၂၇% | ၂၀% |
| | | တရားမ | ၂၅% | ၄% |
| ၂၄ | ကျောက်တန်းမြို့နယ်တရားရုံး | ရာဇဝတ် | ၉% | ၁၀% |
| | | တရားမ | ၉% | ၄% |
| ၂၅ | သုံးခွမြို့နယ်တရားရုံး | ရာဇဝတ် | ၂၆% | ၁၁% |
| | | တရားမ | ၂၇% | ၀% |
| ၂၆ | ခရမ်းမြို့နယ်တရားရုံး | ရာဇဝတ် | ၅၉% | ၃၀% |
| | | တရားမ | ၅၇% | ၃၁% |
| ၂၇ | တွံတေးမြို့နယ်တရားရုံး | ရာဇဝတ် | ၁၈% | ၄၂% |
| | | တရားမ | ၄၅% | ၂၂% |
| ၂၈ | ဆိပ်ကြီးခနောင်တို မြို့နယ်တရားရုံး | ရာဇဝတ် | ၁၃% | ၂၁% |
| | | တရားမ | ၀% | ၀% |
| ၂၉ | ဒလမြို့နယ်တရားရုံး | ရာဇဝတ် | ၄၅% | ၃၀% |
| | | တရားမ | ၂၉% | ၁၄% |
| ၃၀ | ကော့မှူးမြို့နယ်တရားရုံး | ရာဇဝတ် | ၁၉% | ၁၁% |
| | | တရားမ | ၀% | ၈% |

| စဉ် | တရားရုံးအမည် | အမှုအမျိုးအစား | ၂၀၂၃ခုနှစ် ရလဒ်များ | ၂၀၂၄ခုနှစ် ရလဒ်များ |
|---|---|---|---|---|
| ၃၁ | ကွမ်းခြံကုန်းမြို့နယ်တရားရုံး | ရာဇဝတ် | ၁၅% | ၃၅% |
| | | တရားမ | ၀% | ၀% |
| ၃၂ | ကျောက်တံတားမြို့နယ်တရားရုံး | ရာဇဝတ် | ၅၄% | ၂၇% |
| | | တရားမ | ၃၃% | ၀% |
| ၃၃ | ပန်းဘဲတန်းမြို့နယ်တရားရုံး | ရာဇဝတ် | ၄၁% | ၃၆% |
| | | တရားမ | ၂၅% | ၀% |
| ၃၄ | လသာမြို့နယ်တရားရုံး | ရာဇဝတ် | ၆၀% | ၂၃% |
| | | တရားမ | ၂၀% | ၆၇% |
| ၃၅ | လမ်းမတော်မြို့နယ်တရားရုံး | ရာဇဝတ် | ၄၄% | ၃၆% |
| | | တရားမ | ၂၉% | ၀% |
| ၃၆ | ဒဂုံမြို့နယ်တရားရုံး | ရာဇဝတ် | ၃၆% | ၄၀% |
| | | တရားမ | ၂၅% | ၁၇% |
| ၃၇ | အလုံမြို့နယ်တရားရုံး | ရာဇဝတ် | ၄၀% | ၂၉% |
| | | တရားမ | ၀% | ၀% |
| ၃၈ | ကြည့်မြင်တိုင်မြို့နယ်တရားရုံး | ရာဇဝတ် | ၄၄% | ၂၈% |
| | | တရားမ | ၆၄% | ၃၁% |
| ၃၉ | စမ်းချောင်းမြို့နယ်တရားရုံး | ရာဇဝတ် | ၃၃% | ၂၀% |
| | | တရားမ | ၀% | ၅% |
| ၄၀ | မရမ်းကုန်းမြို့နယ်တရားရုံး | ရာဇဝတ် | ၂၇% | ၃၈% |
| | | တရားမ | ၁၈% | ၁၂% |
| ၄၁ | လှိုင်မြို့နယ်တရားရုံး | ရာဇဝတ် | ၂၅% | ၂၂% |
| | | တရားမ | ၄၃% | ၀% |
| ၄၂ | မြောက်ဥက္ကလာပမြို့နယ်တရားရုံး | ရာဇဝတ် | ၃၁% | ၂၅% |
| | | တရားမ | ၁၃% | ၁၀% |
| ၄၃ | ကမာရွတ်မြို့နယ်တရားရုံး | ရာဇဝတ် | ၄၀% | ၂၇% |
| | | တရားမ | ၀% | ၀% |
| ၄၄ | ဗဟန်းမြို့နယ်တရားရုံး | ရာဇဝတ် | ၄၄% | ၄၀% |
| | | တရားမ | ၄၆% | ၁၀% |

## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

### ၃.၁၇ တရားရုံးအသုံးပြုသူများ၏ကျေနပ်မှု

မှုခင်းစီမံခန့်ခွဲမှုတရားရုံးများတွင် မှုခင်းများကို အချိန်နှင့်တစ်ပြေးညီ စီရင်ဆုံးဖြတ်မှုနှင့် ပြည်သူများနှင့် အမှုသည်များရရှိသော တရားရုံးဝန်ဆောင်မှုအပေါ် ကျေနပ်မှုများကို တိုင်းတာနိုင်ရန် တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှုကို ၂၀၂၄ ခုနှစ်အတွက် ၇၇% ရရှိရန် သတ်မှတ်လျာထားပါသည်။

| အဓိကဆောင်ရွက်မှု အတိုင်းအတာ | တိုင်းတာမှု | အခြေခံမျဉ်း | လျာထား သတ်မှတ်ချက် |
|---|---|---|---|
| **တရားရုံးအသုံးပြုသူများ၏ကျေနပ်မှု** | တရားရုံးအသုံးပြုသူများ၏ကျေနပ်မှု | ၇၈% | ၇၇% |

၂၀၂၄ ခုနှစ်၌ တရားရုံးအသုံးပြုသူများ ကျေနပ်မှုစစ်တမ်းများနှင့်စပ်လျဉ်း၍ NCMP တရားရုံးများတွင် လုံခြုံရေးအခြေအနေများအရ စစ်တမ်းများ ကောက်ယူနိုင်ခဲ့ခြင်းမရှိပါ။

### ၃.၁၈ အမှုရွှေ့ဆိုင်းနှုန်း

အမှုရွှေ့ဆိုင်းနှုန်းသည် အမှုတစ်မှုတွင် ရုံးချိန်းချိန်းဆိုမှုနှင့် အမှုရွှေ့ဆိုင်းမှုအချိုးအစားဖြစ်သည်။ တရားရုံးတွင် အမှုစစ်ဆေးရန်ချိန်းဆိုသည့်နေ့များ၊ အမှုရွှေ့ဆိုင်းမှုနှုန်းများကို လျှော့ချပြီး တရားရုံး၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရန်ရည်ရွယ်၍ သတ်မှတ်ထားခြင်းဖြစ်ပါသည်။

| အဓိကဆောင်ရွက်မှု အတိုင်းအတာ | တိုင်းတာမှု | ၂၀၂၃အခြေခံမျဉ်း | ၂၀၂၄ရည်မှန်းချက် |
|---|---|---|---|
| **အမှုရွှေ့ဆိုင်းနှုန်း** | ရာဇဝတ်မှုရွှေ့ဆိုင်းနှုန်း | ၅၀% | ၂၅% |
| | တရားမမှုရွှေ့ဆိုင်းနှုန်း | ၄၁% | ၂၅% |

## ၃.၁၈.၁ ၂၀၂၄ ခုနှစ် NCMP ခရိုင်တရားရုံးများ၏ အမှုရှေ့ဆိုင်းနှုန်း

၂၀၂၄ ခုနှစ်အတွင်း ခရိုင်တရားရုံးများ၏ NCMP အမှုရှေ့ဆိုင်းမှုနှုန်းမှာ ရာဇဝတ်မှုများတွင် ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့ပြီး တရားမမှုများတွင်မူ ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ သို့သော် ၂၀၂၄ခုနှစ် အခြေခံမျဉ်းအောက် လျော့နည်းအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

| အမှုအမျိုး အစား | ၂၀၂၃အခြေခံမျဉ်း | ၂၀၂၃ရလဒ် | ၂၀၂၄ရလဒ် |
|---|---|---|---|
| **ရာဇဝတ်မှု** | ၅၀% | ၂၈% | ၂၀% |
| **တရားမမှု** | ၄၁% | ၃၃% | ၂၄% |




၂၀၂၄ ခုနှစ် NCMP ခရိုင်တရားရုံး (၁၄)ရုံး၏ အမှုရှေ့ဆိုင်းနှုန်းမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | တရားရုံးအမည် | အမှုအမျိုးအစား | ၂၀၂၃ခုနှစ်ရလဒ် | ၂၀၂၄ခုနှစ်ရလဒ် |
|---|---|---|---|---|
| ၁ | တိုက်ကြီးခရိုင်တရားရုံး | ရာဇဝတ် | ၃၁% | ၁၈% |
| | | တရားမ | ၃၅% | ၃၄% |
| ၂ | လှည်းကူးခရိုင်တရားရုံး | ရာဇဝတ် | ၄၃% | ၂၇% |
| | | တရားမ | ၃၇% | ၂၈% |
| ၃ | မှော်ဘီခရိုင်တရားရုံး | ရာဇဝတ် | ၄၆% | ၃၃% |
| | | တရားမ | ၄၄% | ၂၉% |
| ၄ | မင်္ဂလာဒုံခရိုင်တရားရုံး | ရာဇဝတ် | ၄၁% | ၃၃% |
| | | တရားမ | ၅၁% | ၄၇% |
| ၅ | အင်းစိန်ခရိုင်တရားရုံး | ရာဇဝတ် | ၂၇% | ၂၁% |
| | | တရားမ | ၃၆% | ၂၆% |

## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

| စဉ် | တရားရုံးအမည် | အမှုအမျိုးအစား | ၂၀၂၃ခုနှစ်ရလဒ် | ၂၀၂၄ခုနှစ်ရလဒ် |
|---|---|---|---|---|
| ၆ | သဃ်န်းကျွန်း ခရိုင်တရားရုံး | ရာဇဝတ် | ၃၄% | ၂၅% |
| | | တရားမ | ၄၁% | ၃၀% |
| ၇ | ဗိုလ်တထောင် ခရိုင်တရားရုံး | ရာဇဝတ် | ၂၇% | ၁၉% |
| | | တရားမ | ၃၂% | ၂၂% |
| ၈ | ဒဂုံမြို့သစ်ခရိုင်တရားရုံး | ရာဇဝတ် | ၃၉% | ၂၆% |
| | | တရားမ | ၃၀% | ၂၅% |
| ၉ | သန်လျင်ခရိုင်တရားရုံး | ရာဇဝတ် | ၂၂% | ၂၀% |
| | | တရားမ | ၅၅% | ၁၆% |
| ၁၀ | တွံတေးခရိုင်တရားရုံး | ရာဇဝတ် | ၂၆% | ၁၃% |
| | | တရားမ | ၂၇% | ၁၉% |
| ၁၁ | ကျောက်တံတား ခရိုင်တရားရုံး | ရာဇဝတ် | ၂၄% | ၂၀% |
| | | တရားမ | ၂၂% | ၁၈% |
| ၁၂ | အလုံခရိုင်တရားရုံး | ရာဇဝတ် | ၁၄% | ၁၃% |
| | | တရားမ | ၁၅% | ၈% |
| ၁၃ | မရမ်းကုန်းခရိုင်တရားရုံး | ရာဇဝတ် | ၂% | ၅% |
| | | တရားမ | ၁၇% | ၁၃% |
| ၁၄ | ကမာရွတ်ခရိုင်တရားရုံး | ရာဇဝတ် | ၁၅% | ၁၂% |
| | | တရားမ | ၁၈% | ၁၅% |

### ၃.၁၈.၂ ၂၀၂၄ ခုနှစ် NCMP မြို့နယ်တရားရုံးများ၏ အမှုရှေ့ဆိုင်းနှုန်း

၂၀၂၄ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ အမှုရှေ့ဆိုင်းနှုန်းမှာ NCMP ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ သို့သော် ရာဇဝတ်မှုများတွင် ၂၀၂၄အခြေခံမျဉ်းအောက် လျော့နည်းအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

| အမှုအမျိုးအစား | ၂၀၂၃အခြေခံမျဉ်း | ၂၀၂၃ရလဒ် | ၂၀၂၄ရလဒ် |
|---|---|---|---|
| **ရာဇဝတ်မှု** | ၅၀ % | ၄၃% | ၃၅% |
| **တရားမမှု** | ၄၁% | ၄၃% | ၃၃% |




၂၀၂၄ ခုနှစ် NCMP မြို့နယ်တရားရုံး (၄၄)ရုံး၏ အမှုရှေ့ဆိုင်းနှုန်းမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | တရားရုံးအမည် | အမှုအမျိုးအစား | ၂၀၂၃ခုနှစ် ရလဒ်များ | ၂၀၂၄ခုနှစ် ရလဒ်များ |
|---|---|---|---|---|
| ၁ | တိုက်ကြီးမြို့နယ်တရားရုံး | ရာဇဝတ် | ၂၇% | ၄၅% |
| | | တရားမ | ၄၃% | ၄၁% |
| ၂ | လှည်းကူးမြို့နယ်တရားရုံး | ရာဇဝတ် | ၅၁% | ၅၀% |
| | | တရားမ | ၄၉% | ၄၆% |
| ၃ | မှော်ဘီမြို့နယ်တရားရုံး | ရာဇဝတ် | ၅၂% | ၄၇% |
| | | တရားမ | ၃၅% | ၃၂% |
| ၄ | ထန်းတပင်မြို့နယ်တရားရုံး | ရာဇဝတ် | ၄၄% | ၄၂% |
| | | တရားမ | ၄၂% | ၄၁% |
| ၅ | မင်္ဂလာဒုံ မြို့နယ်တရားရုံး | ရာဇဝတ် | ၄၁% | ၄၄% |
| | | တရားမ | ၅၁% | ၄၀% |
| ၆ | ရွှေပြည်သာမြို့နယ်တရားရုံး | ရာဇဝတ် | ၃၃% | ၃၂% |
| | | တရားမ | ၃၄% | ၂၆% |
| ၇ | အင်းစိန်မြို့နယ်တရားရုံး | ရာဇဝတ် | ၃၅% | ၂၇% |
| | | တရားမ | ၃၄% | ၃၈% |
| ၈ | လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်တရားရုံး | ရာဇဝတ် | ၄၆% | ၃၈% |
| | | တရားမ | ၄၄% | ၄၁% |

## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

| စဉ် | တရားရုံးအမည် | အမှုအမျိုးအစား | ၂၀၂၃ခုနှစ် ရလဒ်များ | ၂၀၂၄ခုနှစ် ရလဒ်များ |
|---|---|---|---|---|
| ၉ | လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်တရားရုံး | ရာဇဝတ် | ၃၅% | ၃၂% |
| | | တရားမ | ၃၈% | ၄၇% |
| ၁၀ | သဃ်န်းကျွန်းမြို့နယ်တရားရုံး | ရာဇဝတ် | ၅၈% | ၂၅% |
| | | တရားမ | ၅၄% | ၃၀% |
| ၁၁ | တောင်ဥက္ကလာပမြို့နယ်တရားရုံး | ရာဇဝတ် | ၅၅% | ၅၀% |
| | | တရားမ | ၄၂% | ၃၉% |
| ၁၂ | ရန်ကင်းမြို့နယ်တရားရုံး | ရာဇဝတ် | ၅၃% | ၃၉% |
| | | တရားမ | ၅၃% | ၄၁% |
| ၁၃ | တာမွေမြို့နယ်တရားရုံး | ရာဇဝတ် | ၄၀% | ၅၀% |
| | | တရားမ | ၄၄% | ၄၄% |
| ၁၄ | ဗိုလ်တထောင်မြို့နယ်တရားရုံး | ရာဇဝတ် | ၅၂% | ၁၅% |
| | | တရားမ | ၅၀% | ၃၃% |
| ၁၅ | ဒေါပုံမြို့နယ်တရားရုံး | ရာဇဝတ် | ၂၉% | ၁၈% |
| | | တရားမ | ၁၃% | ၂၁% |
| ၁၆ | မင်္ဂလာတောင်ညွန့် မြို့နယ်တရားရုံး | ရာဇဝတ် | ၄၈% | ၄၅% |
| | | တရားမ | ၆၀% | ၂၃% |
| ၁၇ | ပုဇွန်တောင်မြို့နယ်တရားရုံး | ရာဇဝတ် | ၄၄% | ၃၈% |
| | | တရားမ | ၄၆% | ၂၂% |
| ၁၈ | သာကေတမြို့နယ်တရားရုံး | ရာဇဝတ် | ၃၂% | ၃၁% |
| | | တရားမ | ၂၉% | ၁၉% |
| ၁၉ | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တရားရုံး | ရာဇဝတ် | ၄၇% | ၁၈% |
| | | တရားမ | ၄၁% | ၂၉% |
| ၂၀ | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တရားရုံး | ရာဇဝတ် | ၅၅% | ၃၃% |
| | | တရားမ | ၄၀% | ၂၇% |
| ၂၁ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တရားရုံး | ရာဇဝတ် | ၅၂% | ၄၂% |
| | | တရားမ | ၄၇% | ၃၆% |
| ၂၂ | ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်တရားရုံး | ရာဇဝတ် | ၂၄% | ၂၄% |
| | | တရားမ | ၁၈% | ၁၆% |

| စဉ် | တရားရုံးအမည် | အမှုအမျိုးအစား | ၂၀၂၃ခုနှစ် ရလဒ်များ | ၂၀၂၄ခုနှစ် ရလဒ်များ |
|---|---|---|---|---|
| ၂၃ | သန်လျင်မြို့နယ်တရားရုံး | ရာဇဝတ် | ၄၃% | ၃၇% |
| | | တရားမ | ၈၂% | ၃၀% |
| ၂၄ | ကျောက်တန်းမြို့နယ်တရားရုံး | ရာဇဝတ် | ၅၉% | ၂၆% |
| | | တရားမ | ၅၅% | ၂၇% |
| ၂၅ | သုံးခွမြို့နယ်တရားရုံး | ရာဇဝတ် | ၄၉% | ၁၃% |
| | | တရားမ | ၅၆% | ၄၃% |
| ၂၆ | ခရမ်းမြို့နယ်တရားရုံး | ရာဇဝတ် | ၂၄% | ၂၀% |
| | | တရားမ | ၁၈% | ၁၇% |
| ၂၇ | တွံတေးမြို့နယ်တရားရုံး | ရာဇဝတ် | ၆၁% | ၆၂% |
| | | တရားမ | ၆၀% | ၅၈% |
| ၂၈ | ဆိပ်ကြီးခနောင်တိုမြို့နယ်တရားရုံး | ရာဇဝတ် | ၂၆% | ၁၇% |
| | | တရားမ | ၁၇% | ၈% |
| ၂၉ | ဒလမြို့နယ်တရားရုံး | ရာဇဝတ် | ၃၄% | ၅၁% |
| | | တရားမ | ၅၂% | ၄၁% |
| ၃၀ | ကော့မှူး မြို့နယ်တရားရုံး | ရာဇဝတ် | ၅၀% | ၃၆% |
| | | တရားမ | ၄၉% | ၃၇% |
| ၃၁ | ကွမ်းခြံကုန်း မြို့နယ်တရားရုံး | ရာဇဝတ် | ၂၂% | ၂၄% |
| | | တရားမ | ၃၀% | ၁၅% |
| ၃၂ | ကျောက်တံတား မြို့နယ်တရားရုံး | ရာဇဝတ် | ၄၅% | ၄၃% |
| | | တရားမ | ၅၄% | ၄၈% |
| ၃၃ | ပန်းဘဲတန်း မြို့နယ်တရားရုံး | ရာဇဝတ် | ၃၄% | ၄၂% |
| | | တရားမ | ၄၇% | ၄၈% |
| ၃၄ | လသာ မြို့နယ်တရားရုံး | ရာဇဝတ် | ၂၇% | ၂၉% |
| | | တရားမ | ၂၉% | ၂၅% |
| ၃၅ | လမ်းမတော် မြို့နယ်တရားရုံး | ရာဇဝတ် | ၄၉% | ၄၀% |
| | | တရားမ | ၅၄% | ၆၄% |
| ၃၆ | ဒဂုံ မြို့နယ်တရားရုံး | ရာဇဝတ် | ၅၃% | ၁၅% |
| | | တရားမ | ၄၆% | ၁၆% |
| ၃၇ | အလုံမြို့နယ်တရားရုံး | ရာဇဝတ် | ၄၂% | ၂၆% |
| | | တရားမ | ၄၉% | ၂၀% |

## ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ

| စဉ် | တရားရုံးအမည် | အမှုအမျိုးအစား | ၂၀၂၃ခုနှစ် ရလဒ်များ | ၂၀၂၄ခုနှစ် ရလဒ်များ |
|---|---|---|---|---|
| ၃၈ | ကြည့်မြင်တိုင်မြို့နယ်တရားရုံး | ရာဇဝတ် | ၅၂% | ၅၂% |
| | | တရားမ | ၅၇% | ၅၆% |
| ၃၉ | စမ်းချောင်း မြို့နယ်တရားရုံး | ရာဇဝတ် | ၆၉% | ၄၇% |
| | | တရားမ | ၄၇% | ၁၈% |
| ၄၀ | မရမ်းကုန်း မြို့နယ်တရားရုံး | ရာဇဝတ် | ၁၄% | ၁၈% |
| | | တရားမ | ၁၃% | ၂၀% |
| ၄၁ | လှိုင် မြို့နယ်တရားရုံး | ရာဇဝတ် | ၅၁% | ၄၈% |
| | | တရားမ | ၄၂% | ၂၈% |
| ၄၂ | မြောက်ဥက္ကလာပ မြို့နယ်တရားရုံး | ရာဇဝတ် | ၄၇% | ၃၄% |
| | | တရားမ | ၄၂% | ၃၁% |
| ၄၃ | ကမာရွတ် မြို့နယ်တရားရုံး | ရာဇဝတ် | ၃၂% | ၃၀% |
| | | တရားမ | ၂၈% | ၂၇% |
| ၄၄ | ဗဟန်း မြို့နယ်တရားရုံး | ရာဇဝတ် | ၆၆% | ၅၆% |
| | | တရားမ | ၄၈% | ၄၇% |

## ၃.၁၉ ပျမ်းမျှရုံးချိန်းအရေအတွက်

ပျမ်းမျှရုံးချိန်းအရေအတွက်ဟူသည် အမှုစွဲဆိုသည်မှ ပြီးပြတ်သည်အထိ ကြားနာသည့် ရုံးချိန်းအရေအတွက်ဖြစ်ပါသည်။ အမှုကြားနာရန်အတွက် ချိန်းဆိုမှုများကို လျှော့ချရန် ရည်ရွယ်၍ သတ်မှတ်ထားခြင်းဖြစ်ပါသည်။

